မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄၀)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။


၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Harbin Institute of Technology နှင့် Harbin Electric Corporation သို့ သွားရောက်ကြည့်ရှုလေ့လာ

## Harbin Institute of Technology နှင့် မြန်မာနိုင်ငံအကြား အာကာသဆိုင်ရာနည်းပညာများမျှဝေနိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Institute of Technology အာကာသပြခန်းအတွင်း၌ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပေကျင်းမြို့၊ Beijing Capital International Airport မှနေ၍ ဟာပင်းမြို့သို့ထွက်ခွာကြရာ လေဆိပ်တွင် ပေကျင်းမြူနီစီပယ်အစိုးရမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ၊ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား**

စာ - ၅ သို့

**အခြေပိုင်ရန်တစ်ခေတ် မဆုတ်မနစ်တရား ရွှေနိုင်ငံသစ်အုတ်မြစ်များ**

ဆောင်းပါး စာ - ၁၁ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၅ ရက်)

## လက်ရေးလှလှရေးရမည့် ဒုတိယစာမျက်နှာ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှသည် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးမှာ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းနေရမည်ဖြစ်သည်။ အဆိုပါမောင်းနှင်အားသုံးခု ခိုင်မာမှုနည်းပါး၍ လွန်ခဲ့သောနှစ်ပေါင်း ၂၀၁ နှစ်ကစ၍ မြန်မာနိုင်ငံ၏အချုပ်အခြာများယိုယွင်းခဲ့ရသည်။ နောက်ဆုံးတွင် တစ်နိုင်ငံလုံးကို နယ်ချဲ့တို့သိမ်းပိုက်သွားခဲ့သည်။ ထိုဖြစ်ရပ်ဆိုးမှလွတ်မြောက်ရန်အတွက် မျိုးချစ်မြန်မာတို့က ဇာတိမာန်ထက်သန်စွာကြိုးပမ်းခဲ့ကြရသည်။ နောက်ဆုံးတွင် မြန်မာတို့၏ကိုယ်ပိုင်တပ်မတော် တစ်ရပ်သည် အရှေ့ကနေဝန်းထွက်သည့်ပမာ ပေါ်ထွန်းလာခဲ့သည့်အတွက် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် အင်္ဂလိပ်နယ်ချဲ့တို့ကို တိုက်ထုတ်ခဲ့ရသည်။ ထို့အတူ ဖက်ဆစ်ဝါဒကျင့်သုံးခဲ့သော ဂျပန်တို့ကိုလည်း တော်လှန်ရေးဆင်နွှဲခဲ့ရသည်။ တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးစတင်ဆင်နွှဲခဲ့သည့်နေ့မှာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ဖြစ်သည်။ ထိုနေ့ကို မြန်မာ့တပ်မတော်နေ့အဖြစ်သတ်မှတ်ခဲ့ပြီး တပ်မတော်နေ့ကိုကျင်းပခဲ့ရာ ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်က နှစ်(၈၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို စက်တင်ဘာလ ၃ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Tian'anmen ရင်ပြင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတကာမှဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့များ၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူများတက်ရောက်ကြသည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှတက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး သတ်မှတ်နေရာတွင်နေရာယူကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတဦးဆောင်၍ စစ်ရေးပြအခမ်းအနားကြည့်ရှုမည့် Tian'anmen Rostrum ရှုစင်သို့ တက်ရောက်နေရာယူကြသည်။

ထို့နောက် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ဖွဲ့များအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စစ်ရေးပြတပ်ဖွဲ့များက တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များအား စစ်ရေးပြအစီအစဉ်အတိုင်း ချီတက်အလေးပြုကြသည်။

ကျင်းပသည့်စစ်ရေးပြအခမ်းအနားကြီးတွင် စစ်သည်အင်အား ၁၀၀၀၀ ကျော်က စစ်လေယာဉ်ပေါင်း ၁၀၀ ကျော်၊ မြေပြင်ပစ်လက်နက်အမျိုးအစားရာပေါင်းများစွာနှင့်အတူပါဝင်ပြီး တရုတ်နိုင်ငံထုတ်အဆင့်မြင့်စစ်လက်နက်ပစ္စည်းအသစ်များ၊ ကင်းထောက်တိုက်ခိုက်ရေးဒရုန်းများ၊ တိုက်လေယာဉ်များအတွက် တွဲဖက်ဒရုန်းများ၊ သင်္ဘောအခြေပြုမောင်းသူမဲ့ရဟတ်ယာဉ်များ စသည်ဖြင့် စွမ်းအားမြင့်လက်နက်များပါဝင်သည်။ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းစေရန်ဆောင်ရွက်နေခြင်းမှာ အတုယူဖွယ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ TBEA ကုမ္ပဏီသို့သွားရောက်ကြည့်ရှုသည်။ ကုမ္ပဏီအစည်းအဝေးခန်းမ၌ ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများအား မြန်မာနိုင်ငံတွင်တည်ဆောက်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အခြေအနေများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်းဆောင်ရွက်၍ ကုန်ချောများထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံအတွက် ခိုင်မာသောမိတ်ဆွေနိုင်ငံများ ပိုမိုတိုးပွားနေစေရေးကိုလည်း အလေးထားလျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့်စီးပွားရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လာရောက်ရေးကိုလည်း အလေးထားဆောင်ရွက်ခဲ့သည်။ စီးပွားရေးအရင်းအမြစ်ပိုမိုခိုင်မာလာပါက နိုင်ငံရေးနှင့်ကာကွယ်ရေးစွမ်းအားများကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တပ်မတော်၏အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးအောင်မြင်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုများရရှိလာနေပြီဖြစ်ပေရာ နိုင်ငံရေးအရွေးကောက်ပွဲကို အပြည့်အဝအောင်မြင်စွာကျင်းပနိုင်မည်ဖြစ်သည်။ နိုင်ငံရေးအောင်မြင်မှုရှိလာခြင်း၊ စီးပွားရေးခိုင်မာလာခြင်းနှင့်အတူ ကာကွယ်ရေးအင်အားလည်းတောင့်တင်းလာမည်ဖြစ်ပေရာ နိုင်ငံတော်အနာဂတ်ဒုတိယစာမျက်နှာကို လက်ရေးလှလှရေးခြယ်နိုင်တော့မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များ၊ အိမ်များ၌ ကျန်းမာရေးနှင့်အညီ အိုင်အိုဒင်းဆားများ အသုံးပြု၊ မပြုစစ်ဆေး

မြိတ် စက်တင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ခေါင်း ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များ၊ အိမ်များ၌ ကျန်းမာရေးနှင့်အညီ အိုင်အိုဒင်းဆားများ အသုံးပြု၊ မပြု စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် လိုက်လံစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်သက်သက်နွယ်အဖွဲ့က ဦးဆောင်၍ ဈေးဆိုင်များ၊ အိမ်များ၌ ကျန်းမာရေးနှင့်အညီ အိုင်အိုဒင်းဆားများအသုံးပြု၊ မပြုလိုက်လံစစ်ဆေး၍ မှာကြားကာ ကန်ခေါင်းအုပ်ချုပ်ရေးမှူးရုံး၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာဟောပြောခြင်း၊ ကလေးငယ်များအား ကိုယ်အလေးချိန်ပေါင်ချိန်ခြင်း၊ ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းများကို လိုက်လံပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၁၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၉-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။


**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အမျိုးသားကော်မတီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်အမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးနှင့် ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသည် ဘေးအန္တရာယ်နှင့် စိန်ခေါ်မှုများကြောင့် ထိခိုက်ခံစားဆုံးရှုံးရမှုလည်း များပြားကြောင်း၊ လူသားအရင်းအမြစ်များ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများကို လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြင့် အလေးထား ကာကွယ်စောင့်ရှောက်ပေးသွားရန်လိုအပ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် ထူထောင်ရာတွင် မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်၌ ဖော်ပြထားသည့်အတိုင်း "နည်းလမ်းလေးသွယ်၊ အရွယ်သုံးပါး၊ စုပေါင်းအား" ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နည်းလမ်းလေးသွယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုနှင့်ထိခိုက်ခံစားရသူများကို သက်သာမှုရရှိအောင် ဆောင်ရွက်သည့်အဆင့်မှ စဉ်ဆက်မပြတ်ကာကွယ်မြှင့်တင်နိုင်ပြီး စွမ်းရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များကို ထူထောင်သွားနိုင်မည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အရွယ်သုံးပါးဖြစ်သော ကလေးသူငယ်အရွယ်၊ လူငယ်လူလတ်ပိုင်းအရွယ်နှင့် သက်ကြီးရွယ်အိုအရွယ်အုပ်စုများ၏ လူမှုကာကွယ်စောင့်ရှောက်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းကြရမည်ဖြစ်ကြောင်း၊ အမျိုးသားကော်မတီအနေဖြင့် အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် ၂၀၁၄ ကို ပြန်လည်ဆန်းစစ်ပြီး ခေတ်အခြေအနေနှင့်ကိုက်ညီအောင် ပြန်လည်မွမ်းမံပြုစုသွားရန်နှင့် ကော်မတီဝင် ဝန်ကြီးဌာနများ၏ လုပ်ဆောင်မှုများကိုစုစည်းပြီး အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဖော်ဆောင်မှုအစီရင်ခံစာတစ်စောင် ပြုစုတင်ပြသွားရန် ရည်မှန်းထားကြောင်း၊ ရေရှည်လုပ်ငန်းစဉ်အနေဖြင့် နောင်တစ်ချိန်တွင် ဥပဒေပြုအဖွဲ့အစည်း ပေါ်ပေါက်လာသည့်အခါ၌ မြန်မာနိုင်ငံတွင်လိုအပ်နေသည့် "လူမှုကာကွယ်စောင့်ရှောက်ရေးဥပဒေ" တစ်ခုလွှမ်းခြုံပေါ်ပေါက်လာရေးအတွက် လက်ရှိပြဋ္ဌာန်းထားပြီးဖြစ်သည့် လူမှုကာကွယ်ရေးဆိုင်ရာကဏ္ဍအလိုက် ဥပဒေများကို လေ့လာစုဆောင်းပြီး မိခင်ဥပဒေတစ်ခုအဖြစ် ပြည့်ပြည့်စုံစုံ ပြုစုပြဋ္ဌာန်းသွားနိုင်ရေးလုပ်ဆောင်သွားရန် ရည်မှန်းထားကြောင်း၊ တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး လူမှုဘဝလုံခြုံမှုရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ လက်ရှိတွင် အစီအစဉ်သုံးရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့်၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကိုထောက်ပံ့ငွေများပေးအပ်ခြင်း၊ လူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများပေးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏(၁/၂၀၂၅)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁)အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တည်ဆောက်လုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့်ငလျင်လှုပ်ခတ်ခဲ့သည်မှာ ငါးလကျော်ကာလအထိ ရောက်ရှိပြီဖြစ်၍ ငလျင်ကြောင့် ပျက်စီးခဲ့ရသော ရုံးနှင့်လူနေအဆောက်အဦများကို အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့် အဖြစ် ခွဲခြားသတ်မှတ်၍ ပြုပြင်ပေးနေခြင်းအား အမြန်ပြီးစီးစေရေး တာဝန်ရှိသူများက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

ခန့်မှန်းခြေစာရင်းများကိုလည်း အမြန်တွက်ချက်၍ ပေးပို့တင်ပြစေလိုကြောင်း၊ သို့မှသာ စိစစ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ ရန်ပုံငွေများ ဆက်လက်တင်ပြတောင်းခံနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာ ၅၂ လုံးအား အသစ်စတင်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးရေးနှင့် အရည်အသွေးမီရေး စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ နည်းပညာအကူအညီပေးရေးနှင့် စစ်ဆေးရေးအဖွဲ့များတွင် အင်ဂျင်နီယာအသင်းအဖွဲ့များမှ ပညာရှင်များနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာများနှင့်အတူ ပျက်စီးမှုများအလိုက် ပြန်လည်ပြင်ဆင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း နိုင်ငံပိုင်ရုံးအဆောက်အဦ၊ ဝန်ထမ်းအိမ်ရာများနှင့် သာသနိကအဆောက်အဦများ စနစ်တကျပြုပြင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် နိုင်ငံပိုင်အဆောက်အဦများအား ဖျက်သိမ်းခြင်းနှင့် စာရင်းမှပယ်ဖျက်ခြင်းဆိုင်ရာညွှန်ကြားချက် (၂/၂၀၂၅) အရ ဖျက်သိမ်းရမည့် နိုင်ငံပိုင်အဆောက်အဦများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့များက မြန်မြန်ဆန်ဆန် စုစည်းတင်ပြပေးရန်လိုအပ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure – SOP)နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ – ၂၀၂၅ (MNBC–2025)သည် အဆောက်အဦများပြုပြင်ခြင်းနှင့်အသစ်တည်ဆောက်ရာတွင် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ငလျင်ကာလအလွန် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌတို့က ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၏ အကောင်းဆုံးအသင်းတွင် မြန်မာကစားသမားငါးဦး အများဆုံးရွေးချယ်ခံရ

ရန်ကုန် စက်တင်ဘာ ၄

ဩဂုတ်လ ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၏ အကောင်းဆုံးအသင်းကိုစက်တင်ဘာလ ၃ ရက်က ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှကစားသမားငါးဦးဖြင့် အများဆုံးရွေးချယ်ခံရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲ၏ အကောင်းဆုံးအသင်းနှင့် အတက်ကြွဆုံးကစားသမားဆုကို ပရိသတ်များ၏ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အကောင်းဆုံးအသင်း ၁၁ ဦးတွင် မြန်မာအသင်းက ငါးဦးရွေးချယ်ခံရသလို တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းကလည်း အတက်ကြွဆုံးကစားသမားဆုရရှိခဲ့သည်။ ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၏အကောင်းဆုံးအသင်းတွင် ဒုတိယဆုရခဲ့သည့် မြန်မာအသင်းက ချန်ပီယံဖြစ်ခဲ့သည့် ဩစတြေးလျအသင်းထက် ကစားသမားအရေအတွက် ပိုမိုရွေးချယ်ခံရပြီး မြန်မာအသင်းမှ တိုက်စစ်မှူးဝင်းသိင်္ဂီထွန်း၊ ကွင်းလယ်ကစားသမားဖြူဖြူဝင်း၊ နောက်ခံလူ ဇွန်ယုယဦးနှင့် မေသက်မွန်မြင့်၊ ဂိုးသမား မျိုးမြမြငြိမ်းတို့ပါဝင်လာသည်။ ချန်ပီယံ ဩစတြေးလျအသင်းမှ သုံးဦး၊ ဖိလစ်ပိုင်အသင်းမှ နှစ်ဦး၊ ဗီယက်နမ်အသင်းမှ တစ်ဦးရွေးချယ်ခံရသည်။ အကောင်းဆုံးအသင်းတွင် ဂိုးသမား မျိုးမြမြငြိမ်း(မြန်မာ)၊ နောက်တန်း-မေသက်မွန်မြင့်၊ ဇွန်ယုယဦး(မြန်မာ)၊ ဟာလီလောင်(ဖိလစ်ပိုင်)၊ ဆာရှာဂရော့(ဩစတြေးလျ)၊ အလယ်တန်း- ဖြူဖြူဝင်း(မြန်မာ)၊ တိုလန်တင်(ဖိလစ်ပိုင်)၊ ငုယင်သီဘီသွေ(ဗီယက်နမ်)၊ မက်ကင်နာ(ဩစတြေးလျ)၊ ရှေ့တန်း-ဝင်းသိင်္ဂီထွန်း(မြန်မာ)နှင့် ဟိုလီဖာဖီ(ဩစတြေးလျ) တို့ပါဝင်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် ပြိုင်ပွဲတစ်လျှောက် အတက်ကြွဆုံးကစားသမားဆု (Most Dynamic Player of the Tournament)ရရှိခဲ့သည်။ ထို့ပြင် ဝင်းသိင်္ဂီထွန်းသည် သွင်းဂိုး ခုနစ်ဂိုးဖြင့် ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးဆုရရှိခဲ့သလို ဂိုးသမား မျိုးမြမြငြိမ်းမှာလည်း ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆုရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းက ဒုတိယဆုရရှိခဲ့ပြီး ဩစတြေးလျအသင်းက ချန်ပီယံဆု၊ အိမ်ရှင်ဗီယက်နမ်အသင်းက တတိယဆုရရှိခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-AFF**




# ငပုတောမြို့နယ်မှထွက်ရှိသော ခရမ်းသီးများ ဒေသတွင်းဈေးကွက်၌ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ငပုတော စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှထွက်ရှိသော ခရမ်းသီးများ ဒေသတွင်းဈေးကွက်၌ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကြည်ဆန်း၏ပြောပြချက်အရ သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ် ဩဂုတ်လနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ခရမ်းသီးများ ဝယ်လိုအားကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် ခရမ်းသီး အလုံး ၄၀၀၀၀ မှ ၅၅၀၀၀ အထိ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

"ငပုတောမြို့နယ်ကထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေတာဖြစ်ပါတယ်။ ငပုတောမြို့နယ်ကနေ တခြားဒေသတွေဆီ တစ်ရက်ကို ခရမ်းသီးအလုံး ၄၀၀၀၀ ကနေ ၅၅၀၀၀ အထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒီနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းမွန်သလို အထွက်နှုန်းလည်း ကောင်းမွန်ပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးရော အရှည်သီးပါ အရောင်းအဝယ်ကောင်းမွန်နေတာဖြစ်ပါတယ်။ ဒေသထွက်ခရမ်းသီးတွေ အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးသူတွေ စီးပွားရေးအဆင်ပြေလာပါတယ်" ဟု ဒေါ်ကြည်ဆန်းကပြောသည်။

အဆိုပါဒေသထွက်ခရမ်းသီးအပါအဝင် တခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့သို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။ **သုတကျော်**

# ဒေးဒရဲမြို့နယ် ဂုံမင်းကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ဒေးဒရဲ စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်များ ထက်မြက်လာစေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်၊ လူကောင်းများအဖြစ်ပေါ်ထွက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၄ ရက်တွင် ဂုံမင်းကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးအောင်ကျော်ထူးက ထူးချွန်ထက်မြက်သည့်လူငယ်များ ပေါ်ထွက်လာစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာနှင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးလာပြီး နိုင်ငံတော်နှင့်မိမိပတ်ဝန်းကျင်ကို အကျိုးပြုနိုင်မည့်လူငယ်များ ပေါ်ထွန်းလာစေရန်နှင့် နှုတ်မှုစွမ်းရည်များ ထက်မြက်လာစေရန် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မောင်ပြည့်ဖြိုးသိန်းက လူငယ်နှင့် ကိုယ်ကျင့်တရား၊ မောင်သက်ပိုင်စိုးက လူငယ်နှင့်မူးယစ်ဆေး၊ မနိုဘယ်သိန်းသန်းက လူငယ်နှင့်စာပေ၊ မသော်အေဘီဖြိုးက လူငယ်နှင့်အားကစားခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြကာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အေဇာလင်း**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ၊ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ၊ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❖ သင်တန်းများလာရောက်သင်ကြားချိန်တွင် သင်ကြားရသည့်ပညာရပ်များအလိုက် အကောင်းဆုံးသင်ယူသွားရန်လိုပြီး ပညာပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မိမိတို့၏ဌာနများအလိုက် မိမိတို့သင်ကြားခဲ့ရသည့် ပညာရပ်များနှင့်ပတ်သက်၍ ပြန်လည်မျှဝေပေးရန်လို . . .**

**❖ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေချိန်အတွင်း တရုတ်ဘာသာစကားကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန်လို . . .**

**❖ ရွေးကောက်ပွဲပြုလုပ်ချိန်တွင် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ မဲစာရင်းများမှားယွင်းမှုနှင့် မဲမသမာမှုများမဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက်များဖြင့် အသုံးပြုသွားမည်ဖြစ် . . .**

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟာပင်းမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဟာပင်းမြို့ရှိ တက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအား ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီခွဲတွင် ဟာပင်းမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ဟာပင်းမြို့ရှိတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းများ လာရောက်တက်ရောက်၍ ပညာသင်ကြားခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် လက်ရှိအချိန်တွင် အကောင်းဆုံးအခြေအနေတွင်ရှိနေကြောင်း၊ မိမိအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အဖွဲ့အစည်းဖြစ်ပြီး မကြာမီအချိန်အတွင်း မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်ဖြစ်လာမည်ဟုယုံကြည်ကြောင်း။

သင်တန်းများလာရောက်သင်ကြားချိန်တွင်သင်ကြားရသည့်ပညာရပ်များအလိုက် အကောင်းဆုံးသင်ယူသွားရန်လိုပြီး ပညာပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မိမိတို့၏ ဌာနများအလိုက် မိမိတို့ သင်ကြားခဲ့ရသည့် ပညာရပ်များနှင့် ပတ်သက်၍ ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အလားတူ တရုတ်နိုင်ငံတွင် ပညာသင်ကြားခဲ့ရမှု အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ နေထိုင်မှုများကိုလည်း ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေချိန်အတွင်း တရုတ်ဘာသာစကားကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန်လိုကြောင်း။

လာမည့်ဒီဇင်ဘာလအတွင်း မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ချိန်တွင် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မဲစာရင်းများမှားယွင်းမှုနှင့် မဲမသမာမှုများမဖြစ်စေရေး မြန်မာအီလက်ထရောနစ် မဲပေးစက်များဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေချိန်အတွင်း မိမိတို့၏ ကျန်းမာရေးကောင်းမွန်စေရေး နေထိုင်ဆောင်ရွက်သွားကြရန်နှင့် ပညာသင်ကြားမှုများကိုလည်း ပြီးဆုံးအောင်မြင်သည်အထိ သင်ယူသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သင်တန်းသားများ၏ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

◆ ကျောဖုံးမှအဆက်

စလင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မနေသုခ၊ ရောမင်း၊ အောင်နိုင်တိုး၊ ရက် ၉၀ နှင့် မျိုးကွဲစပါးမျိုးများကို မျိုးစေ့ချစိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များ အသုံးပြုစိုက်ပျိုးခဲ့ကြရာ လက်ရှိတွင် လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မိုးစပါး တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာများအရောက် တောင်သူအသိပညာပေးဟောပြောခြင်း၊ ကွင်းသရုပ်ပြခြင်း၊ သွင်းအားစုများပံ့ပိုးပေးခြင်း၊ မိုးစပါးအထွက်နှုန်းတိုးတက်စေရန် အသိပညာ၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သောစပါးမျိုးကောင်းမျိုးသန့်များ တိုးပွားလာစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ်အတွင်း ယခုနှစ်တွင် ဆန်စပါးစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့သောကြောင့် မြို့နယ်အတွင်းနှင့် နိုင်ငံတော်၏စားရေရိက္ခာကို ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပပို့ကုန်အဖြစ်လည်း တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မောင်လွင်(စလင်း)

○ **ကျောဖုံးမှအဆက်**

ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်အတူ ဟေလုံကျန်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) နှင့်တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံမှုသည် ၇၅ နှစ်တာကာလကိုကျော်လွန်ခဲ့ပြီဖြစ်ပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများရှိမှု၊ ဟေလုံကျန်းပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား အောင်မြင်အောင်ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များဖွင့်လှစ်သင်ကြားလျက်ရှိမှုနှင့် မြန်မာနိုင်ငံမှ ပညာတော်သင်များ တက်ရောက်သင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံမှထွက်ရှိသည့်သီးနှံများအား ဟေလုံကျန်းပြည်နယ်သို့တင်ပို့နိုင်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာဖလှယ်မှုများဆောင်ရွက်နိုင်မှု၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ ဟေလုံကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ်ပါတီအတွင်းရေးမှူး Mr.Xu Qin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# အုတ်တွင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန် လူငယ်စကားဝိုင်းဆွေးနွေး


အုတ်တွင်း စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာ ဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(ဗောဓိကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဗောဓိကုန်း) ကျောင်းအုပ်ဆရာကြီး ဦးကြည်လင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းအား ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်မူမူဝင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (ဗောဓိကုန်း)မှ ဆရာမဒေါ်အိဖြူစင်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ကြပြီး Grade– 10 မှ မဆုပြည့်ပြည့်အောင်က လူငယ်နှင့်ကျန်းမာရေး၊ မောင်သူရအုပ်စိုးက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ မယဉ်ယဉ်မွေးက လူငယ်နှင့်စာဖတ်ခြင်း၊ မောင်ဟိန်းထက်ဇော်က လူငယ်နှင့်နည်းပညာခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။ ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)




# ကော့သောင်းမြို့၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ကော့သောင်း စက်တင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စက်တင်ဘာလ ၇ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့အထိမ်းအမှတ်အဖြစ် လေထုအရည်အသွေးကောင်းမွန်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်စို့ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကော့သောင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးပြည်ဟိန်းကျော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ဖြစ်ပေါ်လာပုံ၊ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ကျင်းပရခြင်း၏ရည်ရွယ်ချက်၊ လေထုညစ်ညမ်းစေသည့် အရင်းအမြစ်များ၊ လေထုညစ်ညမ်းခြင်း၏ဆိုးကျိုးများနှင့် လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်မည့်နည်းလမ်းများအကြောင်းကို အသိပညာပေးဟောပြောပြီး လေထုညစ်ညမ်းမှုအကြောင်းသိကောင်းစရာ အသိပညာပေး Video Clip အား ပြသသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။

ချမ်းမြေ့

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၂၅(သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၃။ ၁၁:၀၀ မြန်မာ့လက်သံ
၄။ ၁၂:၀၀ မြန်မာ့ရှုခင်း
၅။ ၁၅:၀၀ ဇာတ်လမ်းတို
၆။ ၁၉:၀၀ **(၁၃)ဖြာမင်္ဂလာ ဒါနဥ္စ၊ ဓမ္မစရိယာ**

## MWD Variety Channel

၅-၉-၂၀၂၅(သောကြာနေ့)

၁။ ၁၀:၁၅ ကျန်းမာသောဘဝ
၂။ ၁၁:၃၀ သောတဆင်စရာ တေးမြန်မာ
၃။ ၁၂:၂၀ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၄။ ၁၆:၁၅ လူငယ်ရှေ့ရေး အတွေးကမ္ဘာ

## MWD Education, Knowledge & Sports Channel

၅-၉-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၄၀ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၆:၃၅ | Grade – 9 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၃၅ – ၁၈:၁၀ | Grade – 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးတွေ့ဆုံ




နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ကော်မရှင်အဖွဲ့ဝင်ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးသန်းအောင်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့်စမ်းသပ်မဲပေးနေမှုကိုကြည့်ရှုပြီး မဲဆန္ဒရှင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၌ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်မြောက်ပိုင်း၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် နိုင်သူအကုန်ယူစနစ်(FPTP)အပြင် FPTP နှင့် PR စနစ်ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional–MMP)ကို အသုံးပြုဆောင်ရွက်သွားမည့် အခြေအနေနှင့် မဲဆန္ဒနယ်များကို စနစ်တကျသတ်မှတ်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကြိုတင်ဆန္ဒမဲများ စနစ်တကျပေးနိုင်ရေးနှင့် မဲပေးရာတွင် အပိုင်းလိုက် MEVM စက်ဖြင့် မဲပေးနိုင်ရေးအတွက် MEVM စက်များ စနစ်တကျသယ်ယူရွှေ့ပြောင်းရန်၊ MEVM ကြီးကြပ်မှုနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲနေ့မတိုင်မီ MEVM စက်အသုံးပြု၍ လေ့လာစမ်းသပ်မဲပေးမှုများ ဆောင်ရွက်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# (၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဒုတိယဝန်ကြီး ဦးမင်းသူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

(၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို စက်တင်ဘာလ ၂ ရက်မှ ၄ ရက်အထိ Hybrid စနစ်ဖြင့် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိရာ ပထမအကြိမ် အာဆီယံ-အီးယူ ပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲ၊ တတိယအကြိမ်အာဆီယံ-ဂျပန် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲနှင့် (၁၉)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးများသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းဖြင့် တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာအရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ UNFCCC COP 30 ဥက္ကဋ္ဌ၊ ဥရောပသမဂ္ဂ၊ အာဆီယံအပေါင်းသုံးနိုင်ငံများဖြစ်သည့် ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမအကြိမ်အာဆီယံ-အီးယူ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲ ပထမပိုင်းတွင် အစည်းအဝေးဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Datuk Seri Johari Abdul Ghani နှင့် အစည်းအဝေး ဒုတိယဥက္ကဋ္ဌအဖြစ် ပတ်ဝန်းကျင်ဆိုင်ရာ ဥရောပသမဂ္ဂကော်မရှင်မှ Ms. Jessika Roswall နှင့် Mr. Wopke Hoestra တို့ကဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားကြပြီး အာဆီယံနှင့် ဥရောပသမဂ္ဂနိုင်ငံများတွင် ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ၊ ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်စေရေးအတွက် နိုင်ငံတကာစည်းနှောင်မှုရှိသော သဘောတူညီချက်ဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ၊ နိုင်ငံအလိုက် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်လိုက်လျောညီထွေရှိစေရေးဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ UNFCCC COP 30 ဆိုင်ရာပူးတွဲသဘောထား၊ နိုင်ငံတကာပင်လယ်ရေကြောင်းအဖွဲ့(IMO)၏ အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေးကာကွယ်ရေးဆိုင်ရာ ပူးတွဲသဘောထား၊ ကာဗွန်ဈေးကွက်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ၊ ၂၀၂၅-၂၀၂၆ အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် ပူးတွဲကြေညာချက်များအား အတည်ပြုထုတ်ပြန်ခြင်းနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-အီးယူ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးများအဆင့် ဆွေးနွေးပွဲကျင်းပမည့်နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းတို့ကိုဆွေးနွေးကြသည်။

တတိယအကြိမ်မြောက်အာဆီယံ-ဂျပန် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးများအဆင့် ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် အစည်းအဝေးဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး H.E. Mr.Keiichiro Asao တို့က ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားကြပြီး အာဆီယံပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာအစီအစဉ် (SPACE) နှင့် စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုဆွေးနွေးခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်မှ ကြေညာချက်များဖတ်ကြားခြင်းနှင့်ပူးတွဲကြေညာချက်ကို အတည်ပြုထုတ်ပြန်ခြင်းများ ဆောင်ရွက်ကြသည်။

(၁၉)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး တတိယပိုင်းတွင် အစည်းအဝေးဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီးနှင့် အာဆီယံအပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့မှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများက ဆောင်ရွက်၍ အမှာစကားပြောကြားကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံအပေါင်းသုံးအစည်းအဝေးများနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ၊ အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ပတ်ဝန်းကျင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အဏ္ဏဝါပလတ်စတစ်ညစ်ညမ်းမှု ဖြေရှင်းရေးဆိုင်ရာ ကနဦးဆောင်ရွက်ချက်များ၊ ရေရှည်တည်တံ့သော စားသုံးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းအစီအစဉ်များ၊ အာဆီယံ-တရုတ်ပတ်ဝန်းကျင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာမူဘောင်(၂၀၂၁-၂၀၂၅) အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် စိစစ်အကဲဖြတ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့်မဟာဗျူဟာမူဘောင်(၂၀၂၆-၂၀၃၀) ရေးဆွဲခြင်း၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် အာဆီယံ-တရုတ်ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ-ဂျပန် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်တိုးတက်မှုအခြေအနေ၊ အာဆီယံ-ကိုရီးယား ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်တိုးတက်မှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ခုနှစ်များအတွင်း အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ အာဆီယံအပေါင်းသုံးနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိသော နယ်ပယ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများနှင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ အကြိမ် (၃၀)မြောက် အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ဘရာဇီးနိုင်ငံမှ H.E. Ambassador André Aranha Corrêa do Lago နှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# Asia-Pacific Amateur Championship ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၄

UAE နိုင်ငံ Emirates Golf Club in Dubai ၌ အောက်တိုဘာလ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် Asia–Pacific Amateur Championship ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာလက်ရွေးစင် ကစားသမားနှစ်ဦးဖြစ်သော ကျော်ကိုကိုချစ်နှင့် ဟိန်းနိုင်ဇင်တို့သည် World Amateur Golf Ranking (WAGR) အဆင့်သတ်မှတ်ချက်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

Asia–Pacific Amateur Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် အာရှဒေသတွင်း အဆင့်မြင့်မားသည့် အပျော်တမ်း ဂေါက်ပြိုင်ပွဲတစ်ခုဖြစ်ပြီး အာရှဒေသတွင်းနိုင်ငံများနှင့် သမုဒ္ဒရာပိုင်းဖုန်နိုင်ငံများမှ ဂေါက်သီးရိုက်အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်စဉ်နီးပါးကျင်းပခဲ့သည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်သည် ကစားသမားများပြိုင်ပွဲအတွေ့အကြုံရရှိစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိပြီး Asia–Pacific Amateur Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အဆင့်မြင့်ပြိုင်ပွဲဖြစ်သောကြောင့် မြန်မာဂေါက်သီးရိုက်အားကစားသမားများ အကျိုးရှိမည့်ပြိုင်ပွဲတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

**ဝန်းရံခ**

# အသားအရေကိုကျန်းမာစေပြီး သဘာဝအတိုင်းကြည်လင်စေနိုင်သော အသီးအနှံများ

ကျန်းမာပြီးကြည်လင်စေသော အသားအရေကိုရရှိရန် အသားအရေထိန်းသိမ်းမှုပုံစံများနှင့် အသုံးပြုသည့်အလှကုန်ပစ္စည်းအသုံးအဆောင်များထက် နေ့စဉ်စားသောက်သည့်အစားအစာများက ပိုအရေးကြီးကြောင်း တွေ့ရှိရသည်။ တချို့သောအသီးအနှံများတွင် ဗီတာမင်များ၊ အင်တီအောက်စီးဒင့်များနှင့် သဘာဝအင်ဇိုင်းများ ကြွယ်ဝစွာပါရှိသောကြောင့် အသားအရေ၏ကျန်းမာရေးနှင့်ကြည်လင်မှုကို သိသိသာသာမြှင့်တင်ပေးနိုင်သည်။ သိပ္ပံနည်းကျအထောက်အထားများအရ အသီးအနှံစားသုံးမှုသည် အရေပြားကျန်းမာရေးကို သဘာဝအတိုင်းကြည်လင်လာစေရန် ပံ့ပိုးပေးနိုင်သည်။

ယေဘုယျအားဖြင့် ရောင်ရမ်းခြင်းသည် အရေပြားရောဂါများစွာကို ဖြစ်စေသည်။ ဖရီးရယ်ဒီကယ်များသည် အရေပြားရှိ ကော်လာဂျင်နှင့် DNA ကို ထိခိုက်စေနိုင်ပြီး ပျက်စီးနေသော DNA သည် အရေပြားကင်ဆာဖြစ်နိုင်ခြေတိုးစေသည်။ အင်တီအောက်စီးဒင့်များ ကြွယ်ဝသော အသီးအနှံများသည် ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်ပြီး အရေပြားကိုထိခိုက်စေသော ဖရီးရယ်ဒီကယ်များကို ချေဖျက်ပေးနိုင်သည်။ သစ်သီးတော်တော်များများတွင် ရေဓာတ်ပါဝင်မှုမြင့်မားသောကြောင့် အရေပြားကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည်။

**အသီးအနှံများတွင်ပါဝင်သော အာဟာရများနှင့် အသားအရေအတွက် အကျိုးကျေးဇူးများ**

မကြာသေးမီနှစ်များအတွင်း အသီးအနှံများ သို့မဟုတ် အသီးအနှံများမှ ထုတ်ယူသော ဖြည့်စွက်စာများသည် အရေပြားအိုမင်းရင့်ရော်မှုကို ဆန့်ကျင်သည့် သိသာထင်ရှားသောအကျိုးသက်ရောက်မှုများရှိကြောင်း လေ့လာသုံးသပ်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ်တွင် သုတေသနများစွာကို ပြန်လည်သုံးသပ်ခြင်းရလဒ်များအရ အသီးအနှံများ စားသုံးခြင်းဖြင့် ရေဓာတ်ကို သိသိသာသာမြှင့်တင်ပေးနိုင်ပြီး အရေပြားအတွင်းမှ ရေဓာတ်ဆုံးရှုံးမှုကို လျော့နည်းစေသည်ဟု အကြံပြုထားသည်။ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များ စားသုံးမှုပိုမိုများပြားလာသောကြောင့် အရေးအကြောင်းများလျော့နည်းလာပြီး အသားအရေ၏အသွင်အပြင်ကို တိုးတက်ကောင်းမွန်စေခြင်းနှင့် ဆက်စပ်နေကြောင်း တွေ့ရှိရသည်။ အသီးအနှံများသည် ဗီတာမင်-C နှင့် E၊ Beta-carotene နှင့် ပိုလီဖီနောများ ကြွယ်ဝစွာပါဝင်သောကြောင့် အရေပြားဆဲလ်များကို ဓာတ်တိုးပျက်စီးခြင်းမှ ကာကွယ်ပေးပြီး ကော်လာဂျင်ထုတ်လုပ်မှုကို ပံ့ပိုးပေးသောကြောင့် အထူးအကျိုးရှိသည်။ အသီးအနှံများတွင်ပါဝင်သော အင်တီအောက်စီးဒင့်များသည် ဖရီးရယ်ဒီကယ်များကို ပျက်ပြယ်စေပြီး ဓာတ်တိုးပျက်စီးခြင်းကို လျှော့ချပေးသဖြင့် အရေပြားအိုမင်းရင့်ရော်မှုကို လျော့နည်းစေသည်။



**အစွမ်းထက်အသီးအနှံများ**

**လိမ္မော်သီးနှင့် Citrus သစ်သီးများ**

လိမ္မော်သီးနှင့် Citrus သစ်သီးများတွင် အသားအရေတင်းရင်းမှုအတွက် အရေးပါသော ကော်လာဂျင်နှင့် ဗီတာမင်- C ကြွယ်ဝသည်။ အစွမ်းထက်အင်တီအောက်စီးဒင့်များပါဝင်ပြီး Melanin ထုတ်လုပ်မှုကို ဟန့်တားပေးသောကြောင့် အသားအရေကို တောက်ပစေသည်။ အရေပြားကို နေရောင်နှင့်လေထုညစ်ညမ်းမှုကြောင့် ပျက်စီးခြင်း၊ ဓာတ်တိုးဖိစီးမှုနှင့် ပတ်ဝန်းကျင်ကြောင့်ပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ လိမ္မော်သီးက အသားအရေကို ရေဓာတ်ဖြည့်ပေးသည့်အပြင် အရေးအကြောင်းများကို လျော့ကျစေသည်။ Citric acid သည် အရေပြားဆဲလ်သေများကို ညင်သာစွာဖယ်ရှားပေးကာ အမည်းစက်များကို လျော့ပါးစေသည်။ အရေပြားအတွင်းပိုင်းမှ အဆိပ်အတောက်များကို သန့်စင်ပေးသဖြင့် အသားအရေကို ကောင်းမွန်စေသည်။

**ဘယ်ရီသီးများ**

စတော်ဘယ်ရီ၊ ဘလူးဘယ်ရီ၊ ရက်စ်ဘယ်ရီ၊ ဘလက်ဘယ်ရီကဲ့သို့ ရောင်စုံဘယ်ရီများသည် အသားအရေကို ပျက်စီးစေသည့် ဖရီးရယ်ဒီကယ်များအား တိုက်ထုတ်ရာတွင် ကူညီပေးသည့် အင်တီအောက်စီးဒင့် Anthocyanins နှင့်ပြည့်ဝသည်။ Anthocyanins သည် အရေပြားကို ဓာတ်တိုးပျက်စီးခြင်းနှင့် UV ကြောင့် ပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ ဗီတာမင် – C နှင့် ပိုလီဖီနော မြင့်မားစွာပါဝင်သဖြင့် ဖရီးရယ်ဒီကယ်များကို တိုက်ထုတ်ကာ ရောင်ရမ်းမှုကိုလျှော့ချပေးပြီး အိုမင်းရင့်ရော်မှုလက္ခဏာများကို နှေးကွေးစေသည်။ ဗီတာမင်-C ပါဝင်မှုမြင့်မားသောကြောင့် အသားအရေတင်းရင်းစေပြီး ကော်လာဂျင်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်သဖြင့် အသားအရေကြည်လင်တောက်ပစေသည်။ အဆိပ်အတောက်များကိုဖယ်ရှားပေးကာ ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုကြောင့် အရေပြားပျက်စီးခြင်းမှ ကာကွယ်ပေးသည်။

**သင်္ဘောသီး**

သင်္ဘောသီးသည် ဗီတာမင်-C၊ ဗီတာမင်-A နှင့် E တို့အပြင် အင်တီအောက်စီးဒင့်များနှင့် AHAs များ ကြွယ်ဝစွာပါဝင်သဖြင့် အသားအရေကို ပြန်လည်နုပျိုစေပြီး ရေဓာတ်ကို ဖြည့်တင်းပေးနိုင်သည်။ သဘာဝအင်ဇိုင်း Papain ပါဝင်ပြီး အရေပြားဆဲလ်သေများကို ညင်သာစွာဖယ်ရှားပေးသဖြင့် အသားအရေချောမွေ့ပြီး ကြည်လင်တောက်ပစေသည်။ သင်္ဘောသီး၏ အင်တီအောက်စီးဒင့်ဂုဏ်သတ္တိများသည် ဖရီးရယ်ဒီကယ်များကြောင့် အသားအရေမွဲခြောက်ပျက်စီးခြင်းနှင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကို တိုက်ဖျက်ပေးသည်။ သင်္ဘောသီးကို ပုံမှန်စားပေးခြင်းဖြင့် အသားအရေကို ညီညာစေပြီး ဝက်ခြံအမာရွတ်များကို လျော့ပါးစေသဖြင့် အသားအရေချောမွေ့ကြည်လင်စေသည်။

**ထောပတ်သီး**

ထောပတ်သီးသည် ဓာတ်တိုးဖိစီးမှုနှင့် ရောင်ရမ်းမှုကို လျှော့ချပေးသည့် ကျန်းမာရေးနှင့်ညီညွတ်သော အဆီများ ကြွယ်ဝသောကြောင့် အရေပြားကို နေရောင်ခြည်ဒဏ်မှ ကာကွယ်ပေးနိုင်သည်။ အသက် ၂၇ နှစ်မှ ၇၃ နှစ်ကြား အမျိုးသမီးများကို လေ့လာမှုတစ်ခုတွင် နေ့စဉ်ထောပတ်သီးကို ရှစ်ပတ်ကြာစားသုံးသူများသည် မစားဖူးသူများနှင့်နှိုင်းယှဉ်ပါက အသားအရေတင်းရင်းမှု သိသိသာသာတိုးလာကြောင်း တွေ့ရှိခဲ့သည်။ ထောပတ်သီးကဲ့သို့သော အပင်အစားအစာများမှ မပြည့်ဝဆီများရရှိခြင်းသည် ထူးခြားသောအသားအရေကို ရရှိစေနိုင်သည်။ သုတေသနပြုချက်များအရ အပင်ရင်းမြစ်မှ မပြည့်ဝဆီများစားသုံးခြင်းသည် ပြင်းထန်သောနေရောင်ကြောင့် အရေပြားအိုမင်းမှု ဖြစ်နိုင်ခြေနည်းပါးခြင်းနှင့် ဆက်စပ်နေကြောင်း တွေ့ရှိခဲ့သည်။ ထောပတ်သီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် အသားအရေကို စိုပြည်နူးညံ့ပျော့ပျောင်းစေပြီး ဓာတ်တိုးဖိစီးမှုဒဏ်မှ ကာကွယ်ပေးသည်။

**ငှက်ပျောသီး**

ငှက်ပျောသီးသည် ဗီတာမင်-B3 ခေါ် နိုင်ယာစင်ပါဝင်မှုကြောင့် အရေပြားအတွက် အကျိုးပြုသည်။ သုတေသနတချို့အရ ဗီတာမင်-B3 သည် DNA ပြုပြင်မှုကို အားကောင်းစေပြီး ခရမ်းလွန်ရောင်ခြည်ကြောင့်ဖြစ်ပေါ်လာသော ရောင်ရမ်းမှုကို ထိန်းညှိပေးသဖြင့် တချို့သော အရေပြားကင်ဆာအမျိုးအစားများ ဖြစ်ပွားမှုကို လျှော့ချပေးနိုင်ကြောင်း အကြံပြုထားသည်။ ငှက်ပျောသီးတစ်လုံးသည် နေ့စဉ်လိုအပ်သော ဗီတာမင်-B ၏ ၅ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်သဖြင့် အသားအရေကျန်းမာရေးကို ထောက်ပံ့ပေးသည်။

**ကီဝီသီး**

ဗီတာမင်-C နှင့် E ကြွယ်ဝသော ကီဝီသီးသည် အသားအရေကိုကြည်လင်စေပြီး ရောင်ရမ်းမှုကို လျှော့ချပေးသဖြင့် ဓာတ်တိုးဖိစီးမှုနှင့် UV ကြောင့် အသားအရေပျက်စီးမှုကို ကာကွယ်ပေးနိုင်သော အစွမ်းသတ္တိရှိသည်။ ကီဝီသီးသည် ကော်လာဂျင်ထုတ်လုပ်မှုကို လှုံ့ဆော်ပေးသဖြင့် အရေပြားတင်းရင်းမှုကို မြှင့်တင်ပေးပြီး အသားအရေကို ကြည်လင်စေသည်။ ဗီတာမင်-C သည် ကော်လာဂျင်ပေါင်းစပ်မှုကို ပံ့ပိုးပေးကြောင်း သုတေသနများက ဖော်ပြသည်။ ကော်လာဂျင်သည် အရေပြား၏အစိုဓာတ်နှင့် ပျော့ပျောင်းမှုကို ထိန်းသိမ်းရန် ကူညီပေးသည်။ ခန္ဓာကိုယ်က ကော်လာဂျင်ကို သဘာဝအတိုင်း ဖန်တီးသော်လည်း အသက်အရွယ်ကြီးရင့်မှု၊ နေလောင်ဒဏ်၊ အရက်၊ ဆေးလိပ်သောက်ခြင်း စသည့်အချက်များက ကော်လာဂျင်ထုတ်လုပ်မှုကို လျော့ကျစေနိုင်သည်။ ဗီတာမင်- C သည် အရေပြားတွင် သဘာဝအတိုင်းရှိနေသော်လည်း ဖရီးရယ်ဒီကယ်များကို တိုက်ဖျက်သည့် လုပ်ငန်းစဉ်တွင် အမြဲတစေအသုံးပြုနေသဖြင့် နေ့စဉ်လိုအပ်သော ဗီတာမင်- C ၏ ၇၁ ရာခိုင်နှုန်းကိုပံ့ပိုးပေးသည့် ကီဝီသီးကဲ့သို့သောအသီးအနှံများကို နေ့စဉ်ရွေးချယ်စားသုံးသင့်သည်။

**ဖရဲသီး**

ဖရဲသီးတွင် ရေဓာတ်ပါဝင်မှုမြင့်မားသောကြောင့် အသားအရေကို အတွင်းပိုင်းမှ ရေဓာတ်ဖြည့်ပေးပြီး တင်းရင်းနုပျိုစေသည်။ Lycopene နှင့် ဗီတာမင်-A၊ B နှင့် C တို့ပါဝင်သောကြောင့် ရောင်ရမ်းမှုကိုတိုက်ဖျက်၍ နေလောင်ဒဏ်မှ ကာကွယ်ပေးပြီး ဆဲလ်များ ပြန်လည်ရှင်သန်မှုကို မြှင့်တင်ပေးသည်။ ဖရဲသီးတွင် အသီးကို အနီရောင်ဖြစ်စေသော ရောင်ခြယ်ပစ္စည်း Lycopene မြင့်မားသောကြောင့် အရေပြားအတွက် အကောင်းဆုံးအသီးအနှံများထဲမှ တစ်ခုဖြစ်သည်။ Lycopene သည် အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်ပြီး နေရောင်ခြည်ကြောင့်ဖြစ်ပေါ်လာသော အရေပြားပျက်စီးမှုကို ကာကွယ်ပေးနိုင်သည်။

**တလည်းသီး**

သေးငယ်သော ပတ္တမြားရတနာနှင့်တူသော တလည်းသီးစေ့များသည် လှပရုံသာမက အသားအရေထိန်းသိမ်းမှုဆိုင်ရာ စူပါစတားများဖြစ်သည်။ တလည်းသီးတွင် Polyphenols ကြွယ်ဝစွာပါဝင်သောကြောင့် သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပြီး ကော်လာဂျင်ထုတ်လုပ်မှုကို မြှင့်တင်ပေးကာ အရေပြားကို ပတ်ဝန်းကျင်ဖိစီးမှုမှ ကာကွယ်ပေးသည်။ တလည်းသီးတွင် ထူးခြားချက်မှာ ဆဲလ်များပြန်လည်မွေးဖွားခြင်းကို လှုံ့ဆော်ပေးနိုင်ပြီး အသားအရေကို တင်းရင်းနုပျိုစေကာ ကြည်လင်စေသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သောကြောင့် အမည်းစက်များနှင့် ရောင်ခြယ်အစက်အပြောက်များကို လျော့ပါးစေပြီး အသားအရေအရောင်ကို ကြည်လင်စေသည်။ တလည်းသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ရောင်ရမ်းမှုကိုဆန့်ကျင်သည့်ဒြပ်ပေါင်းများ ကြွယ်ဝသောကြောင့် နေလောင်ဒဏ်နှင့် အိုမင်းရင့်ရော်ခြင်းလက္ခဏာများကိုလည်း တိုက်ဖျက်ပေးသည်။ ဝက်ခြံနှင့်ရောင်ရမ်းမှုကို တိုက်ဖျက်ပေးသည့်အပြင် ကွဲအက်လွယ်သော အသားအရေအတွက် တလည်းသီးဖျော်ရည်သည် လက်ဖက်စိမ်းလက်ဖက်ရည်ထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝသော သဘာဝရင်းမြစ်တစ်ခုဖြစ်သည်။

**စပျစ်သီး**

အရေပြားကို တင်းတင်းရင်းရင်းဖြစ်စေသော ဗီတာမင်-C အပြင် အစွမ်းထက်အင်တီအောက်စီးဒင့် Resveratrol နှင့် Proanthocyanidins ပါရှိပြီး ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြားပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ လေ့လာမှုများအရ Resveratrol သည် ကော်လာဂျင်ပါဝင်မှုကို တိုးမြင့်စေခြင်းဖြင့် အနာကျက်ခြင်းကို မြန်ဆန်စေသည်ဟု အကြံပြုထားသည်။

**သရက်သီး**

သရက်သီးသည် ကာရိုတီးနွိုက်များ (အထူးသဖြင့် ဘီတာကယ်ရိုတင်း)၊ ဗီတာမင်-C နှင့် Phenolic acid ကြွယ်ဝသည်။ သရက်သီးတွင် ဗီတာမင်-A ကြွယ်ဝစွာပါဝင်သောကြောင့် ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ကာကွယ်ပေးသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း Mangiferin ကြွယ်ဝစွာပါဝင်သောကြောင့် ဓာတ်တိုးဆန့်ကျင်မှုကို တိုက်ဖျက်ပေးပြီး နေရောင်ကြောင့် ပျက်စီးမည့်လက္ခဏာများမှ ကာကွယ်ပေးသည်။ သုတေသနပြုချက်အရ အသက် ၅၀ မှ ၇၀ အတွင်း အမျိုးသမီးများ သွေးဆုံးပြီးချိန်တွင် ရက်သတ္တ ၁၆ ပတ်ကြာ စားသုံးသောအခါ မျက်နှာအရေးအကြောင်းများ လျော့နည်းလာသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် နုပျိုပြီးကြည်လင်စေသောအသားအရေကို အထိရောက်ဆုံးထိန်းသိမ်းရန် အသီးအနှံမျိုးစုံကို အရောင်နှင့်အမျိုးအစားများများစားသုံးလေလေ အာဟာရပိုကောင်းလေဖြစ်သည်။ အသီးအနှံမျိုးစုံကို ပုံမှန်စားသုံးပေးခြင်းဖြင့် ရေဓာတ်ကိုမြှင့်တင်ပေးခြင်း၊ ကော်လာဂျင်ထုတ်လုပ်မှုနှင့် အင်တီအောက်စီးဒင့်များကို ပံ့ပိုးပေးခြင်းဖြင့် အရေပြားကျန်းမာရေးကို သိသိသာသာ အထောက်အကူပြုနိုင်သည်။ သို့ဖြစ်၍ အရေပြားကျန်းမာရေးအတွက် အကျိုးကျေးဇူးများသည့် အသီးအနှံများကို နေ့စဉ် သင့်တင့်မျှတစွာစားသုံးနိုင်ရန် အကြံပြုရေးသားလိုက်ရပါသည်။

ဒေါက်တာသီဂီကျော်

# ပွဲလယ်တင့်မြင်ကွင်း

❖ ချစ်တဲ့သူငယ်လေ၊
ပြည်ထောင်စုဖွား ပြည်ထောင်စုသား
ညီအစ်ကိုမောင်နှမများတို့ရေ။

❖ တရုတ်ပြည်သူ့သမ္မတနိုင်ငံက
ဖိတ်ကြားတဲ့ပွဲကို
တို့နိုင်ငံ အကြီးအကဲ
ဆင်နွှဲတဲ့ခရီးစဉ်မှာ
ရွှင်ရွှင်လန်းလန်း၊ အပြုံးပန်းတွေနဲ့
တခမ်းတနား ကြိုကြတယ်။

❖ တို့နိုင်ငံအကြီးအကဲရဲ့
ပွဲလယ်တင့်မြင်ကွင်းက
နှင်းရည်ဆမ်းတဲ့ပန်းလို
သင်းကြည်လို့လန်းနေတာပဲအေ။

❖ တရုတ်နဲ့မြန်မာ
မင်္ဂလာအပြည့်၊ ကျက်သရေရှိပါပေ့
တစ်မိသားနဲ့ တစ်မိသား
ညီအစ်ကို မောင်နှမများလို
လေးစားချစ်ကြင်၊ သံယောဇဉ်နဲ့
ရင်ချင်းအပ် ကျောချင်းကပ်
တစ်ထပ်တည်း တစ်သားတည်း
လက်ပွန်းတတီး၊ တရင်းတနှီး
ခရီးအတူလျှောက်
တစ်ယောက်အား တစ်ယောက်ကိုးတဲ့
ဆွေမျိုးပေါက်ဖော်တွေမဟုတ်လားအေ။

❖ ပေါက်ဖော်ဆွေမျိုး၊ ဝေစည်ဖြိုးအောင်
အားကြိုးမာန်တက် ဆောင်ကြတယ်။

❖ ခရီးလမ်းကြောင်း၊ မတိမ်းစောင်းအောင်
မိတ်ကောင်းဆွေဝတ် ကျေကြတယ်။

❖ အရေးကြီးက၊ သွေးနီးကြလို့
ဖေးမကူညီ စောင့်ရှောက်တယ်။

❖ နိုင်ငံတကာ၊ မျက်နှာစာမှာ
ထည်ဝါခံ့ညား ပါပေ့တယ်။

❖ နိုင်ငံတကာကပ်၊ ကြွရောက်လာတဲ့
ကမ္ဘာ့တစ်လွှား၊ ခေါင်းဆောင်များက
အားရမဆုံး၊ ချီးလွင်ပြုံးလို့
နှလုံးစိတ်ဝမ်း၊ ပီတိလွှမ်းကာ
ချမ်းမြေ့ကြည်နူး ကြတယ်အေ။

❖ နိုင်ငံ့ဥသျှောင်၊ တို့ခေါင်းဆောင်နှင့်
ညီနောင်အလား၊ ခေါင်းဆောင်များတို့
နီးကြားအမြင်၊ တူယှဉ်ဆွေးနွေး
အလေးထားကာ၊ အဖြေရှာ၍
ကောင်းရာကောင်းကျိုး၊
ဆောင်သယ်ပိုးသည်
တန်ဖိုးအနဂ္ဃ ပါပဲအေ။

❖ ခေါင်းဆောင်အချင်းချင်း၊ မေတ္တာနှင်းလို့
ရင်တွင်းအေးမြ ကြည်နူးကြတယ်။

❖ တစ်စိတ်တစ်ဝမ်း၊ ရှေ့သို့လှမ်းဖို့
ရွှေလမ်းငွေလမ်း ဖောက်ကြတယ်။

❖ အလိုလေ့အိုင်
တို့နိုင်ငံတို့လူမျိုးရဲ့
ကောင်းကျိုးကိုဆောင်၊ ကောင်းကျိုးအောင်သည့်
ဂုဏ်ရောင်တင့်ရွှန်း၊ အမှုကွန်းကို
ဖော်ညွှန်းလိုက်တယ် အေတို့ရေ။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

နေပြည်တော် စက်တင်ဘာ ၄

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် **"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲဆောင်ရွက်မှုများ"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား နေပြည်တော်တွင်ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့်ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များအား https://bit.ly/47Md8Ck တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# အုတ်တွင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေး

အုတ်တွင်း စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာလ ၃ ရက်တွင် မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အကြံပြုခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စစ်ဆေးရာတွင် လျှပ်စစ်မီးများသုံးစွဲရာ၌ ခံနိုင်ဝန်ထက်ပိုမိုအသုံးမပြုရေး၊ ဟောင်းနွမ်းသောလျှပ်စစ်မီးကြိုးအသစ်လဲလှယ်အသုံးပြုရေး၊ လျှပ်စစ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ ဆေးလိပ်သောက်ရာတွင် သတိပြုဆင်ခြင်သင့်သည့်အချက်များ၊ ဖယောင်းတိုင်နှင့် လောင်စာဆီအသုံးပြုရာတွင် သတိပြုသင့်သည့်အချက်များ၊ အမှိုက်မီးရှို့ရာတွင် လိုက်နာရမည့်အချက်များအား ပြည်သူများသိရှိလိုက်နာဆောင်ရွက်သွားကြရန် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများထားရှိစေရေး၊ (Fire Safety Certificate)FSC လျှောက်ထားခြင်းမရှိသေးသော စက်သုံးဆီဆိုင်များအား (Fire Safety Certificate)FSC လျှောက်ထားရယူစေရေး စည်းရုံးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးကြောင်းနှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီဆက်သွယ်အကြောင်းကြားပေးရန် အသိပညာပေးပြောကြားကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်မြင့်ထံမှသိရသည်။

(၄၁၀)

# ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မိုးသည်းထန်စွာရွာသွန်းပြီး ဆင်သေချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့်အခြေခံပညာကျောင်းများအတွင်း၌ စက်တင်ဘာလ ၄ ရက်တွင် သန့်ရှင်းရေးဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇေယျာသီရိခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်ဦးဆောင်၍ ဇေယျာသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက ဇေယျာသီရိမြို့နယ် ညောင်ပင်ကြီးကျေးရွာ၊ ချောင်းကမ်းကြီးကျေးရွာနှင့် စည်ပင်ကြီးကျေးရွာတို့ရှိ အခြေခံပညာကျောင်းများအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ဆင်သေချောင်း ရေမြင့်တက်မှုကြောင့် ရေများဝင်ရောက်ကာ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များနှင့် ကျောင်းဆောင်များအား ဆေးကြောသန့်ရှင်းခြင်းလုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။ (၄၁၃)



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးလျှောင်ဘေးသင့်သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်များပေးအပ်ခြင်းအခမ်းအနားကျင်းပ

မန္တလေး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးငလျင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်များပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ဘေးသင့်ခဲ့သည့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အလုပ်ဌာန ၇၄၃၀ ဌာန၊ အာမခံအလုပ်သမား ၁၂၁၁၃၀ ဦးကို သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းထုတ်ပေးလျက်ရှိရာ ယနေ့အခမ်းအနားတွင် အာမခံအလုပ်သမား ၄၃၈၆ ဦးအတွက် ငွေကျပ် ၃၄၇ ဒသမ ၄၆၃ သန်းကိုပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စုစုပေါင်းအာမခံအလုပ်သမား ၃၁၆၈၀ ဦးအတွက် ငွေကျပ် ၂၆၂၅ ဒသမ ၅၀၂ သန်းကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများ၏ လက်ဝယ်အရောက် စနစ်တကျပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပညာသင်စရိတ်လျှောက်ထားလာသည့် အလုပ်သမား ၃၉၄၀ ဦး၏ သားသမီး ၅၃၉၆ ဦးအတွက် ပညာသင်စရိတ် စုစုပေါင်းငွေကျပ် ၂၁၄ ဒသမ ၇၀၇ သန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသော အကျုံးဝင် လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်လျက်ရှိပြီး ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၃၄၇ ဒသမ ၄၆၃ သန်းနှင့် ပညာသင်စရိတ်အတွက်ငွေကျပ် ၂၁၄ ဒသမ ၇၀၇ သန်းကို တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံ လွှဲပြောင်းပေးအပ်ပြီး မန္တလေးငလျင်ဒဏ်ကြောင့် လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခဲ့သူ အာမခံလုပ်သား ၁၀ ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်များကို ကျန်ရစ်သူမိသားစုများနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် အောင်မြေသာစံမြို့နယ်ရှိအလုပ်သမားဆေးရုံကြီး(မန္တလေး) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော အာမခံအလုပ်သမားများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# The 2nd Sustainable Maritime Industry Conference (SMIC)-2025 အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံ Jeddah မြို့တွင် ကျင်းပသည့် The 2nd Sustainable Maritime Industry Conference (SMIC)–2025 အခမ်းအနားသို့တက်ရောက်သည်။

အခမ်းအနားတွင် ဆော်ဒီအာရေဗျနိုင်ငံမှ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် The International Organization for Marine Aids to Navigation (IALA) ၏အတွင်းရေးမှူးချုပ် H.E .Mr. Francis Zachariae တို့က ရေကြောင်းဘက်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေး၏ ၈၀ ရာခိုင်နှုန်းကျော်ကို ရေကြောင်းမှပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် ရေကြောင်းဘက်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်အားလုံးပါဝင်၍အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေကြောင်းဘက်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့သည် ဟန်ချက်ညီစွာရှိရန်လိုအပ်ကြောင်းပြောကြားပြီး International Maritime Organization (IMO) မှအတွင်းရေးမှူးချုပ်က ယခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့၏ Theme ဖြစ်သည့် "Our Ocean, Our Obligation, Our Opportunity" ဆောင်ပုဒ်အား Video မှတစ်ဆင့်အကျယ်တဝင့်ပြောကြားသည်။






အခမ်းအနားတွင် ရေယာဉ်များအား စွမ်းအင်အနည်းဆုံးဖြင့် ထိရောက်စွာအသုံးချ ခုတ်မောင်းနိုင်ရေး၊ ပင်လယ်ရေကြောင်းဘက်ဆိုင်ရာ အာမခံနှင့်ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ကာဗွန်လျှော့ချရေးဗျူဟာများ အကောင်အထည်ဖော်ခြင်း၊ အသေးစားနှင့်အလတ်စား ရေကြောင်းလုပ်ငန်းများအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံရေးဆွဲခြင်း၊ ရေကြောင်းဘက်ဆိုင်ရာ စွမ်းဆောင်ရည်များ၊ ဘေးကင်းလုံခြုံမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုတို့ကို မြှင့်တင်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာများ၏ အခန်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ခေတ် ရေကြောင်းဘက်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေး၊ ရေကြောင်းကဏ္ဍ အသွင်ကူးပြောင်းရေးတွင် အမျိုးသမီးများ၏ ဦးဆောင်မှုစသည့်ခေါင်းစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဆော်ဒီအာရေဗျနိုင်ငံ၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ကြီး H.E Eng. Sulaiman A Al Mazroua နှင့်တွေ့ဆုံ၍ ရေကြောင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပြီး IMO ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ရေထုညစ်ညမ်းမှုကာကွယ်တားဆီးရေး ကွန်ဗင်းရှင်း (MARPOL) အား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ တစ်နိုင်ငံတည်းလျှောက်လှမ်းလျက်ရှိသည့် နိုင်ငံမဟုတ်ဘဲ အာဆီယံရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များ၊ BIMSTEC နှင့် Mekong–Ganga ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၌တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ဆိပ်ကမ်းဘက်ဆိုင်ရာကိစ္စရပ်များတွင် မိတ်ဖက်ဆောင်ရွက်ခြင်းနှင့် ကိုရီးယား၊ စင်ကာပူနိုင်ငံတို့နှင့်လည်း နည်းပညာဖွံ့ဖြိုးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့်လည်း ချမှတ်ထားသည့် ၂၀၃၀ မျှော်မှန်းချက် ပန်းတိုင်အောက်တွင် သန့်ရှင်းသောစွမ်းအင်၊ တည်ငြိမ်သော ထောက်ပံ့ပို့ဆောင်ရေးနှင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးများကို ဦးစားပေးထားသည်ကိုတွေ့ရှိရသဖြင့် မျှော်မှန်းချက်၊ အရင်းအမြစ်များနှင့် ရည်ရွယ်ချက်များတူညီသည့် အဆွေတော်တို့နိုင်ငံနှင့် လက်တွဲ၍ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့၏လုပ်ငန်းစဉ်များ၌ အတူတကွ ပူးပေါင်းဆောင်ရွက်လိုကြောင်း ပြောကြားသည်။

ယင်းအခမ်းအနားကို **"Sailing Towards a Sustainable Future"** ဟူသော ဆောင်ပုဒ်နှင့်အညီကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၉၀ မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံမှရေကြောင်းဘက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ၄-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၅၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အခြေပိုင်ရန်တစ်ခေတ် မဆုတ်မနစ်တရား ရွှေနိုင်ငံသစ်အုတ်မြစ်များ

ပြည်စိုးညိမ်း

တရုတ်နှင့်မြန်မာ။
ချစ်ကြည်စွာ နေလာကြ
ကာလရှည်ကြာ။
သရေတိုးပါတဲ့
ဆွေမျိုးသို့ အကြောင်းဆက်ကာ
ပေါင်းဖက်လာ တစ်စိတ်တစ်ဝမ်း။
အေးအတူ ဖေးကူကြ
မျှဝေလို့ကမ်း။

အခါတစ်ပါးတွင် အရှင်အာနန္ဒာက မြတ်ဗုဒ္ဓအပါးချဉ်းကပ်၍ "အရှင်ဘုရား၊ လောကမှာ မိတ်ကောင်းဆွေကောင်း တစ်ယောက်ရှိရင် ဘဝတစ်ဝက်ပြည့်စုံတယ်ဆိုတာ ဟုတ်ပါသလားဘုရား" ဟု မေးလျှောက်သည်ရှိသော် မြတ်ဗုဒ္ဓက "ချစ်သားအာနန္ဒာ လောကမှာ မိတ်ဆွေစစ် မိတ်ဆွေမှန် တစ်ယောက်ရှိရင်ဘဝတစ်ဝက် မဟုတ်ဘူး။ ဘဝတစ်ခုလုံးအပြင် သံသရာအတွက်ပါ ပြည့်စုံပါတယ်" ဟု ဖြေတော်မူ၏။ မြတ်ဗုဒ္ဓက အဆွေခင်ပွန်းကောင်း (ကလျာဏမိတ္တ)ရှိခြင်း၏ အကျိုးကြီးမားပုံကို ဤသို့မိန့်ကြားတော်မူခဲ့ပါ၏။

လူတစ်ဦးတစ်ယောက်အတွက်သာမက အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း အဆွေခင်ပွန်းကောင်းရှိခြင်း၏ အကျိုးတရားတို့မှာ အနမတဂ္ဂပင်။ မြန်မာနိုင်ငံသည် မိတ်ဆွေနိုင်ငံများနှင့်တက်ကြွစွာ လက်တွဲ၍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းများဆီသို့ ဦးတည်ချက်တူညီသော ခြေလှမ်းများဖြင့် ရည်ရွယ်လျှောက်လှမ်းလျက်ရှိသည်။ "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" ဆိုသလို အပြန်အလှန်အားဖြင့် ထောက်ကူဖေးမမှုများကို ကျေပွန်စွာထမ်းဆောင်လျက် မိတ်ဆွေကောင်းတို့၏ စံနှုန်းကို အကြိမ်ကြိမ် သက်သေပြဆိုလျက်လည်း ရှိသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ စတင်ထွက်ခွာ၍ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည်၊ ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် တီယန်ကျင်းမြို့ Binhai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့မှ သဘာဝအရင်းအမြစ်ရေးရာဝန်ကြီးဌာနဝန်ကြီး Mr. Guan Zhiou၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်တို့က လေဆိပ်တွင် နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနေကြသည်။

လေယာဉ်ပေါ်မှအဆင်း ကော်ဇောနီခင်းထားသောလျှောက်လမ်း၏ ဝဲယာနှစ်ဖက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့် ယဉ်ကျေးမှုအကအဖွဲ့တို့က နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အသင့်အနေအထားဖြင့် စောင့်ဆိုင်းလျက်ရှိသည်။ ယင်းမှာ နိုင်ငံတော်အဆင့်ခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုနေခြင်းပင်ဖြစ်သည်။



တီယန်ကျင်းမြို့၏ကောင်းကင်ယံမှာ တိမ်ကင်းစင်၍ လှပသာယာလျက်ရှိသည်။ အပူချိန်မှာ ၂၈ ဒီဂရီစင်တီဂရိတ်ခန့်သာရှိ၍ သင့်တင့်မျှတလို့နေသည်။ နိုင်ငံတော်အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်ကြီးများမှာ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြမည်ဟူသော အားမာန်အပြည့်ဖြင့် လန်းဆန်းတက်ကြွနေသည်၊ ကြိုဆိုသူများကို အပြုံးနှင့်လက်ပြနှုတ်ဆက်နေပုံမှာ ကြည်နူးဖွယ်ဖြစ်သည်၊ အနီရောင်လျှောက်လမ်းပေါ်မှ နိုင်ငံတော်အကြီးအကဲ၏ ယုံကြည်ချက်ရှိရှိခိုင်မာသော ခြေလှမ်းများမှာ အမိနိုင်ငံတော်အတွက် အားတက်ဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီမှာပင် တီယန်ကျင်းဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင်နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် မေလတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation–SCO) ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာပြီး အစည်းအဝေးများ စတင်တက်ရောက်ခဲ့ကြောင်း၊ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး တရုတ်နိုင်ငံအနေဖြင့်ဆက်လက်ထောက်ခံပေးစေလိုကြောင်း ထည့်သွင်းပြောကြားခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကလည်း SCO အဖွဲ့ဝင်နိုင်ငံအဖြစ် ထောက်ခံပေးမည့် အခြေအနေများကို ထည့်သွင်းဆွေးနွေးသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက မြန်မာနိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ဖက်ဆစ်တော်လှန်ရေးမှာလည်းပါဝင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ ခိုင်မာသည့်ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံရေး



တည်ဆောက်မှုများကိုထောက်ခံပြီး မြန်မာပြည်သူလူထုဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံအေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက်ရှိသည့်အကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်အတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်သည့် အကြောင်းများကို အကျယ်တဝင့် ပြန်ကြားဆွေးနွေးခဲ့သည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြီးအကဲများသည် ပြီးခဲ့သည့်၂၀၂၅ ခုနှစ်မေလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ တစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ယခုဆွေးနွေးပွဲတွင် ထိုစဉ်ကသဘောတူညီခဲ့သည့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏နိုင်ငံရေး၌ ပြည်ပမှဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်မှု၊ တရုတ်–မြန်မာ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သော ရပ်တည်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့တွင် မြန်မာနိုင်ငံအနေဖြင့် သိက္ခာမြင့်မားစွာရပ်တည်နိုင်ရေး ကိစ္စရပ်များကို ထပ်မံ၍ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ကြသည်၊ စိတ်သဘောထားကြီးမား၍ ကျယ်ပြန့်သောအမြင်ရှိသည့် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံမှုမှသည်နှစ်နိုင်ငံအကျိုးစီးပွားတို့ ပိုမိုဖြစ်ထွန်းလာရမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ဩဂုတ်လ ၃၁ ရက် ခရီးစဉ်၏ ဒုတိယမြောက်နေ့။ တီယန်ကျင်းမြို့၏ နံနက်ခင်းသည် မပူမအေးမျှတသောရာသီဥတုဖြင့် ကိုယ်စားလှယ်ကြီးများကို နွေးထွေးစွာကြိုဆိုနေဘိသို့။ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်တွင် Tangla Hotel ၌ မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲကို ကျင်းပသည်။

ယင်းတွေ့ဆုံပွဲတွင် နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံအကြားစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အရှိတရားများနှင့် အလားအလာကောင်းများကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းဆွေးနွေးပြီး တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြားများစွာ အကျိုးဖြစ်ထွန်းစေမည့်ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများကိုမျှဝေခဲ့သည်၊ တွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း အမှာစကားပါးသည်။ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်မန္တကပြုသည်။

အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေး ဆောင်ရွက်ပေးသွားမည့်အကြောင်း သတင်းစကားပေးပို့ခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ စီးပွားရေးအမြင်ကျယ်ပြန့်နက်ရှိုင်းမှုနှင့် သိမ်မွေ့ညင်သာသော သံတမန်စွမ်းရည်ကို အထင်းသားတွေ့မြင်ခဲ့ရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေး လုပ်ငန်းရှင်များ၏ စိတ်အားထက်သန်စွာ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးမှုများကလည်း အားရဖွယ်ဖြစ်သည်။

ဆွေးနွေးကြသည့်အကြောင်းအရာများမှာ ပို့ကုန်သွင်းကုန်မူဝါဒ၊ စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးထုတ်ကုန်များကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သတင်းဖလှယ်မှု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ EV ကားများ တပ်ဆင်ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ထပ်မံတိုးချဲ့ထုတ်လုပ်လိုမှုအခြေအနေများ စသည်ဖြင့်ကျယ်ပြန့်လှသည်၊ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်အားထက်သန်စွာမေးမြန်းမှုများကို မြန်မာနိုင်ငံမှ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက စေ့စပ်သေချာစွာ ပြန်လည်ဆွေးနွေးပေးကြသည်။

ဤသို့ အပြန်အလှန်အားဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည့်အကြောင်းအရာများတွင်စကားလုံးတစ်လုံးချင်းစီကပင် နိုင်ငံနှင့်လူမျိုးအတွက် မွန်မြတ်မှန်ကန်သော စိတ်စေတနာကောင်းများနှင့် လက်ငင်းဒိဋ္ဌအကျိုးတရား ဖြစ်ထွန်းစေမှုများကို ဖော်ညွှန်းလျက်ရှိသည်။ အရာရာသည် ကြောင်းကျိုးဆက်နွှယ်မှုမှကင်း၍ မဖြစ်စကောင်း။

**စာမျက်နှာ ၁၂ သို့** ■

■ စာမျက်နှာ ၁၁ မှအဆက်

အကြောင်းရှိ၍ အကျိုးထင်ရခြင်းပင်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ၏ မနားမနေ အားကြိုးမာန်တက်ကြိုးပမ်းမှုများကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း၏ ရလဒ်ကောင်းများမှာ သိသိသာသာ မြင့်တက်လာခဲ့ပြီဖြစ်သည်။ အကျိုးရလဒ်အားဖြင့် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ခုနစ်ခုတို့ကို သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် အသီးသီးလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာနှင့်တရုတ်တို့သည် ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို စတင်နိုင်ခဲ့ပြီးနောက် စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ပွင့်လန်းရှင်သန်လာခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည်လည်း သိသာထင်ရှားစွာ တရိပ်ရိပ်တိုးတက်လာခဲ့သည်။

ဆိုရလျှင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိသည့်အနက် ဒုတိယမြောက်ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။

အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာ အမိနိုင်ငံတော်အကျိုးကိုမျှော်ကိုး၍ ဆောင်ရွက်ဖွယ်ရှိသည်များကို အချိန်ရှိခိုက်လုံ့လစိုက်နေကြသည်။ တစ်ဆက်တည်းမှာပင် မွန်းလွဲ ၂ နာရီခွဲအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိပါမောက္ခ Prof. Gong Wei ဦးဆောင်သော တာဝန်ရှိသူများနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲသည် ပညာကိုလိုလား၍ ပညာရေးကိုအားပေးသူဖြစ်သည်။ အစည်းအဝေးများ၊ တွေ့ဆုံမှာကြားမှုများတွင် ပညာရေးကိုအလေးအနက်ထားရမည်ဖြစ်ကြောင်း ကြိမ်ဖန်များစွာကြားနာခဲ့ရသည်၊ လက်တွေ့ကျကျအားပေးချီးမြှောက်နေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့နေရသည်။ အကြီးအကဲကိုယ်တိုင်မည်သည့်နိုင်ငံကိုရောက်ရှိသည်ဖြစ်စေ မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အတတ်ပညာ၊ အသိပညာရပ်တို့၏ ရင်းမြစ်ဖြစ်ထွန်းရာနေရာများကို စိတ်ဝင်တစားလေ့လာစူးစမ်းလေ့ရှိသည်။

ထိုမျှမကသေး၊ ရရှိလာသောအခွင့်အလမ်းများကို အမိအရဖမ်းဆုပ်လေ့ရှိသည့်အားလျော်စွာ ဝူဟန်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ဂြိုဟ်တုနည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး ဝူဟန်တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးနိုင်သည့်အခြေအနေများ၊ ဝူဟန်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် နိုင်ငံတကာမှ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုသကဲ့သို့ တစ်နေ့တာအချိန်ဇယားများမှာ အသင့်စောင့်ကြိုလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာ အနားယူချိန်မျှမထား။ လိုအပ်သည့်ပြင်ဆင်မှုများဆောင်ရွက်ပြီးသည်နှင့် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ Wanda Vista ဟိုတယ်၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးကြသည်။


အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများကို သတင်းစကားပါးသည်၊ ထို့ပြင် SCO အဖွဲ့ဝင်ဖြစ်စေရေး အိန္ဒိယနိုင်ငံမှ ထောက်ခံပေးလျက်ရှိကြောင်းနှင့် အခြားကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်နိုင်ရေးကိုလည်း အပြုသဘောဆောင်စွာ ဆွေးနွေးနိုင်ခဲ့ကြသည်။ ခရီးစဉ်၏ နှစ်ရက်တာကာလအတွင်းမှာပင် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများဖြစ်ကြသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံနှစ်နိုင်ငံ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်မှာ များစွာအားရဖွယ်ဖြစ်သည်။ ၎င်းဆွေးနွေးပွဲများမှတစ်ဆင့် အမိနိုင်ငံအတွက် ကဏ္ဍစုံအကျိုးတရားများကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီလည်းဖြစ်သည်။

တော်သလင်းလဆန်း ၉ ရက်၏ စန်းလသော်တာသည် တီယန်ကျင်းမြို့ကောင်းကင်ယံတွင် လင်းထိန်ပြာထွန်းညိုလျက်ရှိသည်။ သာယာလှပသော ညချမ်းအခါပါပေ။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping တည်ခင်းဧည့်ခံသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် Tianjin Meijian Convention Center သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

ညစာစားပွဲကြီးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့အပါအဝင် SCO ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများလည်း စုံညီစွာ တက်ရောက်ကြသည်၊ တစ်နည်းဆိုရပါလျှင် တစ်ဦး၏အကျိုးကို တစ်ဦးကလိုလားသည့် မိတ်ကောင်းဆွေကောင်းများ တစုတဝေးတည်း ရောက်ရှိနေကြခြင်းလည်းဖြစ်သည်။ မိတ်ဆွေကောင်းတို့မည်သည် အပြန်အလှန်အားဖြင့် ချစ်ကြည်လေးစား၍ အထောက်အပံ့ပြုကြသည်သာဖြစ်သည်။ တစ်ဦး၏ဖြစ်တည်မှုကို တစ်ဦးက အသိအမှတ်ပြုလက်ခံကြသည်သာဖြစ်သည်။ မိမိနိုင်ငံနှင့် လူမျိုးအကျိုးကိုရှေးရှုသည့် နည်းတူ အခြားသောလူမှုအသိုက်အဝန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်ကြိုးစားကြစမြဲဖြစ်သည်။

ထိုထိုသော မိတ်ကောင်းဆွေကောင်းများနှင့် အတူတကွတွေ့ဆုံ၍ နီးနှောဖလှယ်ကြခြင်းမှာ အင်မတန်သင့်မြတ်လျော်ညီသော အခင်းအကျင်းပါပေ။ မိမိတို့နိုင်ငံတော်အကြီးအကဲနှင့်တကွ အခြားသောနိုင်ငံ့ခေါင်းဆောင်များ ယခုကဲ့သို့ စုံညီစွာ စုဝေးရောက်ရှိ တွေ့ဆုံဆွေးနွေးနေကြသည်မှာ “လမ်းတူ၍ လူချင်းတွေ့ကြသည့်ပမာ” မိတ်ကောင်းဆွေကောင်းများနှင့် ခရီးသွားခြင်းဟုပင် ဆိုရပါလိမ့်မည်။ ယနေ့အခါဝယ် ကမ္ဘာနှင့်အဝန်း ဝိရောဓိများကို သဟဇာတဖြစ်အောင်၊ ပဋိပက္ခများကို သမူဟဖြစ်အောင် ကြိုးပမ်းနေကြချိန်ဝယ် တီယန်ကျင်းမြို့၏ ညချမ်းချိန်ခါတွင် နိုင်ငံ့ခေါင်းဆောင်ကြီးများ “အတ္တမသန်၊ ရန်မာန်မကြီး၊ အစည်းမပြေ” သောစိတ်ဖြင့် အတူတကွ ညစာသုံးဆောင်နေကြပုံမှာ စည်းလုံးခြင်း၏ ပြယုဂ်၊ ငြိမ်းချမ်းခြင်း၏ သင်္ကေတ၊ တန်းတူညီမျှခြင်း၏ အမှတ်လက္ခဏာဟု ဆိုရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) ကျင်းပပြုလုပ်ရာ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ကြီးမှာခမ်းနားထည်ဝါလှသည်၊ ခန်းမကြီး၏ မျက်နှာစာစင်မြင့်ထက်တွင် နိုင်ငံတော်ကိုယ်စားပြုအလံများကို အရောင်အသွေးစုံစွာ ညီညီညာညာလွှင့်ထူထားသည်။ ထိပ်သီးအစည်းအဝေးကြီးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့်အတူ SCO အဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များအပါအဝင် လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် နိုင်ငံ



တကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များလည်း ပါဝင်တက်ရောက်ကြသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation– SCO) ကို ဒေသတွင်းတည်ငြိမ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး စသည့်နယ်ပယ်များတွင် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ဖြင့် ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင် အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်နှင့် ဘီလာရုစ်တို့လည်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်လာကြသည်။ မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ် မေလတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာခဲ့ရာ ယခုအခါ မြန်မာအပါအဝင် သီရိလင်္ကာ၊ တူကီယဲ၊ ကမ္ဘောဒီးယား၊ အဇာဘိုင်ဂျန်၊ နီပေါ၊ အာမေးနီးယား၊ အီဂျစ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ မော်လ်ဒိုက်၊ ယူအေအီးနိုင်ငံတို့ပါ ပါဝင်သည့် ဆွေးနွေးဖက်နိုင်ငံပေါင်း ၁၄ နိုင်ငံရှိလာပြီဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ပထဝီဝင်နှင့် လူဦးရေအရ ယူရေးရှန်းဒေသကြီး၏ ၈၀ ရာခိုင်နှုန်းနှင့်ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်ကို လွှမ်းခြုံနေသည့် ကမ္ဘာ့အကြီးဆုံး ဒေသဆိုင်ရာအဖွဲ့အစည်းကြီးလည်းဖြစ်သည်။ ကမ္ဘာ့ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုနေပြီး အီရန်နိုင်ငံ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက်တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့က ကမ္ဘာ့ရေနံ အရန် ၂၀ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့ ၄၄ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည်။

လက်ရှိကျင်းပနေသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်းထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်းစုံမှ ထိပ်သီးခေါင်းဆောင်များ တက်ရောက်လာခြင်းသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ များပြားလှသော လုပ်ဆောင်ချက်များကို အမှန်တကယ် စိတ်ပါဝင်စားမှုရှိသည်ဟူသော သက်သေပြမှုတစ်ခုပင်ဖြစ်သည်။ ထို့ပြင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံ၏ သမိုင်းကြောင်းနှင့်မတူကွဲပြားသောလူနေမှုစနစ်များကို အခြားနိုင်ငံများက အစဉ်အားဖြင့် လေးစားမှုရှိကြောင်း ခိုင်မာစွာပြသလျက်ရှိသည်၊ နိုင်ငံတကာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးတို့ကို တွန်းအားပေးနိုင်ရန် နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို ဗဟုဝင်ရိုးကမ္ဘာ့အခင်းအကျင်း၏ မဟာဗျူဟာမြောက် အဓိကအဖွဲ့အစည်းအဖြစ်လည်း ရှုမြင်ကြလျက်ရှိသည်။

စာမျက်နှာ ၁၃ သို့ ■

■ စာမျက်နှာ ၁၂ မှအဆက်

အစည်းအဝေးအစတွင်ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက အဖွင့်အမှာစကားအဖြစ် ကြိုဆိုနှုတ်ခွန်းဆက်ခြင်းပြုသည်။ ယင်းနောက်တွင် တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များက အသီးသီးဆွေးနွေးကြသည်။

ထိုသို့နိုင်ငံအလိုက်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက မိမိတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီကျင့်ဝတ်များနှင့်အညီ ရပ်တည်ဆောင်ရွက်နေသော အခြားနိုင်ငံများအပေါ် အင်အားကြီးနိုင်ငံအချို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးကဏ္ဍအသီးသီးမှ ဖိအားမျိုးစုံသုံး၍ အနိုင်ကျင့်နေကြပုံ၊ ယင်းအခြေအနေမျိုးကို တုံ့ပြန်နိုင်ရန် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာမှ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့်လေ့လာသူ အဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်သို့ပင် ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း ထည့်သွင်းဆွေးနွေးသည်။

အကြီးအကဲ၏ ဆွေးနွေးမှုမှာ တစ်ယောက်အားဖြင့် ယူသော်မရ၊ အများအားဖြင့် ယူသော်ရမည်ဟု ညွှန်းဆိုခြင်းပင်ဖြစ်သည်။ သဘောထားမမှန်သော အင်အားကြီးနိုင်ငံအချို့၏ နည်းလမ်းမကျသည့် ဖိအားပေးမှုများကို နည်းမှန်လမ်းမှန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ချက်တူ ဆန္ဒချင်းတူသည့်နိုင်ငံများအချင်းချင်း ဖေးမကူညီလက်တွဲကာ စည်းလုံးခြင်း၏တန်ဖိုးကို ပြသနိုင်သည့် အပြုသဘောဆောင်သော ဆွေးနွေးချက်ပင်ဖြစ်သည်။ အကြီးအကဲ၏စာနာနားလည်မှုနှင့်စေတနာတရားကို လှစ်ဟပြသည့်ဆွေးနွေးချက်ဟုလည်း ထင်မြင်မိသည်။

ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလတွင် ဒွိဝင်ရိုးကမ္ဘာ (Bipolar World) နှင့် စစ်အေးကာလပြီးဆုံးချိန်တွင် ဧကဝင်ရိုးကမ္ဘာ(Unipolar World) အခင်းအကျင်းများ ပေါ်ပေါက်ခဲ့သည်။ ၎င်းကာလများအတွင်း အနောက်အုပ်စုကပင် ဦးဆောင်ခြယ်လှယ်ခဲ့ပြီး နှစ်ပေါင်း ၈၀ ခန့်အကြာ မျက်မှောက်ကာလတွင်မူ နိဂုံးချုပ်ခဲ့ပြီဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည် နိုင်ငံကြီးတစ်နိုင်ငံနှင့် ၎င်း၏ နောက်လိုက်တစ်စုက ကမ္ဘာ့အစီအစဉ်ကြီးကို လိုသလိုကြိုးကိုင်ခြယ်လှယ်သည့် အခြေအနေမှ လွန်မြောက်ခဲ့ပြီဖြစ်သည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ပူးပေါင်း၍ တည်ထောင်ခဲ့သော ထွန်းသစ်စစီးပွားရေးနိုင်ငံများ အုပ်စု BRICS က ကမ္ဘာ့အစီအစဉ်ကြီးတွင် နှစ်ပေါင်းများစွာအနောက်အုပ်စုကကြီးစိုးခဲ့သည့်အစဉ်အလာကို စိန်ခေါ်နေပြီဖြစ်သလို ယခုထိပ်သီးအစည်းအဝေး ကျင်းပနေသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကြီးမှာလည်း ကမ္ဘာ့လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ရှေ့သို့လှမ်းချီလာပြီဖြစ်ပြီး ဗဟုဝင်ရိုးကမ္ဘာ(Multipolar World) အခင်းအကျင်းမှာ ပိုမိုထင်ရှားလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ် မေလတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာသည့်အချိန်မှစ၍ ယင်းအဖွဲ့က ဦးဆောင်ကျင်းပခဲ့သည့် အစည်းအဝေးများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲက ဆက်လက်၍လည်း မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် ဆွေးနွေးဖက်နိုင်ငံများထံသို့အလေးအနက်ထား မေတ္တာရပ်ခံခဲ့သည်။

နေရိပ်အလာကို နေအပူကစောင့်နိုင်ရမည်။ လိုလျှင်ကြံဆ နည်းလမ်းရနိုင်ရမည်ဖြစ်သည်။ ထင်ရှားသော တရုတ်စကားပုံတစ်ခုမှာ “ခြေလှမ်းတစ်သောင်းသွားလိုလျှင် ခြေတစ်လှမ်းကအစပြုပါ” ဟူ၍ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော ဆွေးနွေးမှုများနှင့်သံတမန်ရေးရာဆောင်ရွက်မှုများမှာ အမိနိုင်ငံတော်အတွက် ရွှေပြည်တစ်ခေတ် ထွန်းသစ်နိုင်စေရန် အခြေခံအုတ်မြစ်ကောင်းများကို ခိုင်ခိုင်မာမာထုဆစ်နေခြင်းပင်ဖြစ်သည်။

အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုတွင် အမိမြန်မာပြည်အတွက် ဂုဏ်ယူဝင့်ကြွားဟန်ကို ပိုမိုမြင်တွေ့ရသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည်စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။ သည့်အတွက် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကောင်းများစွာရှိပါကြောင်းကိုလည်း ဆွေးနွေးဖက်နိုင်ငံများသို့ တစ်ပါတည်းသတင်းစကားပေးပို့သည်။

လက်ရှိအမိမြန်မာနိုင်ငံသည်စိုက်ပျိုးရေးကိုအခြေခံသည့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ရှေ့သို့လှမ်းချီလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း အစရှိသည့် စိုက်ပျိုးမြေ စုစုပေါင်းမှာ ဧက ၃၃ သန်းကျော်အထိရှိပြီး ၎င်းစိုက်ပျိုးမြေများတွင် စပါး၊ ပြောင်း၊ နှမ်း၊ ပဲ စသည့် သီးနှံများကို အဓိကထားစိုက်ပျိုးလျက်ရှိသည်။ အခြားသီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိသည့်အပြင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါ အစရှိသည့် သီးနှံမျိုးစုံတို့ကိုအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းစဉ်များအပေါ် မည်မျှအလေးအနက်ထားသည်ကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် “နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး” ဟူသောအချက်ကို အတိအလင်း ထည့်သွင်းထားသည်ကို ထောက်ချင့်၍ သိနိုင်သည်။

ထို့ပြင်နိုင်ငံတော်အကြီးအကဲသည်ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များဖြစ်သည့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။

နိဂုံးချုပ်အပိုင်းတွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး Mr. Xi Jinping တင်သွင်းသည့် လက်တွေ့အခြေအနေများနှင့် ထင်ဟပ်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုပဏာမအဆိုပြုချက် (Global Governance Initiative(GGI) (၅)ချက်ကို အပြည့်အဝယုံကြည်ကြောင်းနှင့် ထောက်ခံပါကြောင်းကို နိုင်ငံတော်အကြီးအကဲက အလေးအနက်ထားဆွေးနွေးခဲ့သည်။

တရုတ်-မြန်မာ ချစ်ကြည်ရေးသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့်နိုင်ငံရေးဆက်ဆံရေးအစရှိသည့် ရှည်လျားသောသမိုင်းကြောင်းနှင့်အတူ ရပ်တည်လာခဲ့ကြသည်။ ဆက်လက်၍လည်း ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလတို့တွင်လည်း သူ့နိုင်ငံသူ့အရေးကလည်း ကိုယ့်နိုင်ငံ ကိုယ့်အရေးသဖွယ်၊ ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း သူ့နိုင်ငံသူ့အရေးသို့ရှေးရှုစာနာထောက်ကူဖေးမခဲ့ကြသည့် မိတ်ဆွေကောင်းမိတ်ဆွေဟောင်း အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများအဖြစ် နှစ်နိုင်ငံကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ လူမှုရေးစီမံကိန်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် လက်တွဲညီညီဆောင်ရွက်ရင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံကာ တရုတ်-မြန်မာဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုများကို ထိန်းသိမ်းတိုးမြှင့်ဆောင်ရွက်သွားကြရမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ထိုနည်းတူပင် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)အဖွဲ့ဝင်နိုင်ငံများနှင့်လည်း လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

အနှစ်ချုပ်၍ဆိုရလျှင် ယခုကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်း ထိပ်သီးအစည်းအဝေးသို့ နိုင်ငံ့ခေါင်းဆောင်များ စုံညီစွာတက်ရောက်လာမှုအတွက် ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသောစည်းလုံးညီညွတ်မှု၊ ပူးပေါင်းညှိနှိုင်းမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် အမိနိုင်ငံတော်အတွက် ပြင်းပြသောစိတ်ဆန္ဒနှင့် ထက်သန်သော စေတနာတရားတို့က ဦးဆောင်နေသဖြင့် လုပ်ငန်းတာဝန်များကို မမောနိုင်မပန်းနိုင် ဇယ်စက်သလို အားကြိုးမာန်တက် ဆောင်ရွက်နေသည်။ အစည်းအဝေးကြီးမစတင်မီမှာပင် မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်အတွင်းရေးမှူးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့တက်ရောက်လာကြသည့်နိုင်ငံများမှခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံပြီး နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲမှာ မောသည် ပန်းသည်မရှိ၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ဆွေးနွေးပွဲများတစ်လျှောက်လုံးတွင် အကြီးအကဲ၏ တည်ကြည်သောစိတ်ဆန္ဒ၊ စွဲမြဲသော သန္နိဋ္ဌာန်စိတ်နှင့် တိုင်းပြည်အပေါ်ထားရှိသောစေတနာတို့ကို အထင်းသားမြင်ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်များအလိုက်ပြန်လည်ဆွေးနွေးချက်များတွင်လည်း မြန်မာ့အမျိုးသားအကျိုးစီးပွားကိုဦးတည်သည့် ဆွေးနွေးချက်များသာဖြစ်ရာ အပြုသဘောဆောင်သော တိုးတက်ဖြစ်ထွန်းမှုမှန်သမျှတို့မှာ အခြေပိုင်ရန်တစ်ခေတ် မဆုတ်မနစ်တရားဖြင့် ရွှေနိုင်ငံသစ်အုတ်မြစ်များပင်ဖြစ်ပါကြောင်း ဂုဏ်ယူပမ်းမြောက်စွာ ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

# တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၄

ပဲခူးမြို့ ဥသျှောမြို့သစ်ရှိ တိုင်းဒေသကြီးအားကစားဥယျာဉ်မိုးလုံလေလုံအားကစားရုံ၌ စက်တင်ဘာလ ၄ ရက် မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်ဆုပေးပွဲကျင်းပရာ တက်သစ်စအမျိုးသမီးကစားသမားဆု ရရှိသူများ၊ အကောင်းဆုံးအမျိုးသမီးကစားသမားဆု ရရှိသူ၊ အကောင်းဆုံးအမျိုးသားကစားသမားဆုရရှိသူတို့အား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်သည်။

ယင်းနောက်အမျိုးသမီး(၄)ပေါက်တန်း ပြိုင်ပွဲတွင် တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်း၊ အမျိုးသား(၆)ပေါက်တန်း ပြိုင်ပွဲတွင် တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်း၊ အမျိုးသမီး(၄)ပေါက်တန်း ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသား(၆)ပေါက်တန်း ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသမီး(၄)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသား(၆)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုတာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အမျိုးသမီး (၄)ပေါက်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ အမျိုးသား(၆)ပေါက်တန်း ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က တံခွန်စိုက်ဆုပေးအပ်ကာ ပြိုင်ပွဲကြီးကြပ်ရေးဒိုင်အဖွဲ့များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)









# စစ်ကိုင်းနှင့်မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည်ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့တက္ကသိုလ်ရှိ စာသင်ဆောင်များနှင့် အဆောက်အအုံများ အမြန်ပြီးမြောက်ရေး ကြိုးကြပ်ဆောင်ရွက်ကြရန်၊ တက္ကသိုလ်အလိုက် စည်းကမ်းထိန်းသိမ်းရေး၊ ဝတ်စားဆင်ယင်မှုနှင့် မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းရေးတို့ကို ကြိုးကြပ်ဆောင်ရွက်ရန် မှာကြားပြီး ဒုတိယဝန်ကြီးများက နှုတ်ခွန်းဆက်စကားပြောကြားကြသည်။



ထို့နောက်စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်က တက္ကသိုလ်၏ သင်ကြားစီမံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများက လိုအပ်သည်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းအတွင်း စာသင်ဆောင်ပြုပြင်တည်ဆောက်ထားရှိမှု၊ ယာယီစာသင်ဆောင်များတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာသင်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင်မန္တလေးမြို့ရှိအမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ပညာရေးတိုးတက်မြင့်မားအောင် အထူးအားပေးလျက်ရှိရာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်အောင်သင်ကြားပေးကြရန် ဆွေးနွေးမှာကြားပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ် သုတေသနစင်တာ၌ကျင်းပသည့် မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေးဆွေးနွေးပွဲသို့တက်ရောက်၍ မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ကျောင်းသားဟောင်းများက မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ပေးအပ်လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# နေအိမ်ရေဝင်ရောက်သည့် ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်

**လှိုင်ကော် စက်တင်ဘာ ၄**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက် ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းရှိ ရေဘေးရှောင်ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်၍ ဘီလူးချောင်းရေဝင်ရောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက် ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်အတွင်းဖွင့်လှစ်ထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ဘီလူးချောင်းရေမြင့်တက်နေမှုကြောင့် ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် မင်းစုရပ်ကွက် ရေဝင်ရောက်နေအိမ်များမှပြည်သူများနှင့် ဒီးမော့ဆိုမြို့နယ် ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်တွေ့ဆုံရာ၌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက ပြည်သူများအတွက် လိုအပ်သည်များကူညီပေးနိုင်ရန် ကြိုတင်စီမံထားရှိကြောင်း၊ ရေဘေးသင့်ပြည်သူများ လတ်တလောနေထိုင်စားသောက်မှုအဆင်ပြေစေရေး အခြေခံစားသောက်ကုန်များကိုပေးအပ်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများ၊ ယာယီနေရပ်စွန့်ခွာပြည်သူများသို့ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥများနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပြည်သူ ၄၁ ဦးအတွက် တစ်ပတ်စာ ဆန်ဖိုးငွေများကိုပေးအပ်ကာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့်ကြက်ဥများ ပေးအပ်ကြသည်။

ထို့နောက် မြို့လယ်ကန္ဒရဝတီတံတားနှင့် ဘီလူးချောင်းတံတား(ရှမ်းပိုင်း)၊ မင်းစုရပ်ကွက် မင်းကျောင်းကန်များနှင့် အနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေဝင်ရောက်နေမှုအခြေအနေများနှင့် ဘီလူးချောင်းရေမြင့်တက်၍ ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **ခင်စောတင့်**

# ကျောက်တန်းမြို့နယ်ရှိ မြို့မရဲစခန်း အချုပ်ခန်း၊ မြို့နယ်တရားရုံးအချုပ်ခန်းနှင့် ကျောက်တန်းဘိုးဘွားရိပ်သာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဦးတင်ကိုကိုတို့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်ရှိမြို့မရဲစခန်းအချုပ်ခန်း၊ မြို့နယ်တရားရုံးအချုပ်ခန်းနှင့် ကျောက်တန်းဘိုးဘွားရိပ်သာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျောက်တန်းမြို့ မြို့မရဲစခန်းအချုပ်ခန်းနှင့် မြို့နယ်တရားရုံးအချုပ်ခန်းအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို အချုပ်သား၊ အချုပ်သူများနှင့်တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျောက်တန်းဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများနှင့် သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု၊ အစားအစာနှင့်အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသောသောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ ဘိုးဘွားများအား အခါအားလျော်စွာ နှစ်သိမ့်ဆွေးနွေးမှုများအားပြုလုပ်ပေးခြင်း ရှိ၊ မရှိ၊ ပင်စင်ရ အဘိုး၊ အဘွားများအနေဖြင့် ပင်စင်လစာထုတ်ယူမှု အဆင်ပြေခြင်း ရှိ၊ မရှိနှင့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိရေးဆောင်ရွက်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုး၊ အဘွားများအား နွေးထွေးပျူငှာစွာ အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကိုဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သတင်းရရှိသည်။ **မြဝတီ**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅)ကျင်းပ



နေပြည်တော် စက်တင်ဘာ ၄

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ(၄)ရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းပြီး အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်သတ်မှတ်ကာ အလေးထားဆောင် ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများအရ အိမ်နီးချင်းနိုင်ငံမှ လူငယ်များသည် မြန်မာနိုင်ငံသို့အကြောင်း အမျိုးမျိုးဖြင့်ဝင်ရောက်လာကြပြီး မြန်မာ အမျိုးသမီးများအားချစ်ကြိုက်၍ လက်ထပ် ခြင်းမဟုတ်ဘဲ လှည့်ဖြားလိုသောသဘော ဖြင့် ငွေကြေးပေးကာ လက်ထပ်ခြင်း၊ တရားရုံးတွင် ထိမ်းမြားမင်္ဂလာကျမ်းကျိန် လွှာပြုလုပ်၍ ၎င်းတို့နိုင်ငံသို့ တရားဝင် ခေါ်ဆောင်နေခြင်းများကို စိစစ်ဖော်ထုတ် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသား တချို့သည် မြန်မာနိုင်ငံသို့အလည်အပတ် ဗီဇာဖြင့်ရောက်ရှိလာခဲ့ပြီး ဘာသာစကား သင်တန်းအမည်ခံဖွင့်လှစ်၍ မြန်မာအမျိုး သမီးများကို ၎င်းတို့၏နိုင်ငံသားများနှင့် ထိမ်းမြားလက်ထပ်စေရန် စည်းရုံးဆောင် ရွက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း ဖော်ထုတ် နိုင်ခဲ့ကြောင်း။

လူကုန်ကူးသူများသည် လိမ်လည် စည်းရုံးသွေးဆောင်ရန်အတွက် အင်တာ နက်ကို တွင်ကျယ်စွာအသုံးပြုလျက်ရှိ ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများဖြစ် သော Facebook၊ TikTok နှင့် Telegram တို့ကိုအသုံးပြု၍ စီးပွားရေးကြော်ငြာများ မှတစ်ဆင့် လူစုဆောင်းခြင်း၊ အကျိုး အမြတ်လွှဲပြောင်းပေးခြင်းများ ပြုလုပ်ပြီး မြန်မာအမျိုးသမီးငယ်များအား အတင်း အဓမ္မထိမ်းမြားလက်ထပ်ရန်နှင့် လိင်ပိုင်း ဆိုင်ရာခေါင်းပုံဖြတ်မှုများ လုပ်ဆောင်လျက် ရှိကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရာတွင် လုပ်ငန်းစဉ်(၃)ရပ်ဖြစ်သော **သတင်း လက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း**များနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ၎င်း လုပ်ငန်းစဉ်(၃)ရပ်နှင့်အညီ ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ် ကြောင်း။

လက်ရှိဖြစ်ပွားလျက်ရှိသော အွန်လိုင်း လိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများ နှင့်ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ အဓမ္မစေခိုင်းမှုများအပါအဝင် အတင်း အကျပ်ရာဇဝတ်မှုကျူးလွန်စေခြင်းတို့ကို တားဆီးနှိမ်နင်းနိုင်ရန်၊ အသိပညာပေးခြင်း များမြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နယ်စပ် ဖြတ်ကျော် တရားမဝင် ဝင်ရောက်မှုမရှိ စေရေး တားဆီးထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်ဖြစ်ပွား သော လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက် ကို Pilot Project အဖြစ် သက်တမ်းကာလ တစ်နှစ်ဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Online Scam)လုပ်ငန်းများကို ထိထိ ရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ် ခိုင်းစေခံရသူများကို ကယ်တင်၍ မိခင် နိုင်ငံများသို့ ပြန်လည်စေလွှတ်ပေး လျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများမှ နိုင်ငံခြားသားများလည်းပါဝင်နေကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံပေါင်းစုံပူးပေါင်း ပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေးတိုးမြှင့်ဆောင် ရွက်လျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟို အဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု နှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြပြီး ဗဟိုအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား ကာ အစည်းအဝေးကိုရုပ်သိမ်းလိုက် ကြောင်းသိရသည်။ **မြဝတီ**

# အိမ်မဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ One Stop Service ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အိမ်မဲ မြို့နယ် ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသွား သည့် ဒေသခံပြည်သူများနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား မရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက် ပေးနေမှုကို ယနေ့ နံနက်ပိုင်းတွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ One Stop Service ဆောင်ရွက်နေမှုနှင့် နိုင်ငံ သားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါ တည်းဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေ များကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်ရုံးရှိပစ္စည်းသိုလှောင် ခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ စနစ်တကျထိန်းသိမ်းထား ရှိမှု၊ ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် ရုံးလက်ခံ နိုင်-၄ မှတ်တမ်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များကို ရုံးချုပ်ရှိ e-ID Server ရှိ အချက်အလက်များနှင့် Online စနစ်ဖြင့် တိုက်ဆိုင်စိစစ်ပြင်ဆင်အတည်ပြု နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေးနှင့် ဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေး ထားကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာ များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။ **မြဝတီ**

# ကူမင်းမြို့၌ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၄

စက်တင်ဘာလ ၄ ရက်မှ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်ကြမည့် ဝန်ကြီး ဌာနများမှ ၃၆ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့ အစည်းများမှ ၁၇ ဦး စုစုပေါင်း ၅၃ ဦးတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ China Eastern လေကြောင်းဖြင့် ကူမင်းမြို့သို့ ထွက်ခွာ သွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင်ပါရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့ များက ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်ဖွင့်ပွဲ အခမ်းအနား၊ တောင်ပိုင်းဒေသ ညချမ်းနှင့် ချည် Show ပိုးဖဲအနီးအနားတဖွဲ့ဖွဲ့ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေတင်ဆက် ကပြခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှကိုယ်စား လှယ်များက စကားဝိုင်းတွင်ပါဝင်ဆွေးနွေး ခြင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာ ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသ များ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်း ပြခန်းများကို ဈေးရောင်းပွဲတော်တွင် ပါဝင် ခင်းကျင်းပြသခြင်း ဆောင်ရွက်သွားမည်ဖြစ် သည်။

ကိုယ်စားလှယ်အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးစီး ဝန်ကြီးဌာနခြောက်ခုမှ ကိုယ်စားလှယ် အဖွဲ့များနှင့် ပုဂ္ဂလိကမီဒီယာ၊ ပြင်ပအဖွဲ့အစည်း များမှ ကိုယ်စားလှယ်များပါဝင်ကြကြောင်း သိရသည်။ **မြဝတီ**

## ထူးခြားသည့်နေ့အပူချိန်များ

၄-၉-၂၀၂၅

| | | | |
|---|---|---|---|
| မုံရွာ | ၃၇ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၇ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၃၆ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ ၁ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၅ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၃၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပေကျင်းမြူနီစီပယ်အစိုးရမှတာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Institute of Technology အာကာသပြခန်းအတွင်း၌ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ Harbin Institute of Technology ၏ဥက္ကဋ္ဌ Mr. Han Jie Cai က အာကာသစခန်းပုံစံငယ်အား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှအဆက်

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟာပင်းမြို့၊ Taiping International Airport သို့ ရောက်ရှိကြရာ တရုတ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Harbin Institute of Technology သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် Harbin Institute of Technology သို့ရောက်ရှိကြရာ Harbin Institute of Technology ၏ ဥက္ကဋ္ဌ Mr. Han Jie Cai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တက္ကသိုလ်ပြတိုက်အတွင်း၌ တက္ကသိုလ်၏ မိတ်ဆက်ဗီဒီယိုအား ကြည့်ရှုကြသည်။ ထို့နောက် အာကာသပြခန်းအတွင်း ခင်းကျင်းပြသထားသည့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Electric Corporation ကုမ္ပဏီပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Electric Corporation ကုမ္ပဏီစက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

မစ်ဇိုင်းများထုတ်လုပ်ခဲ့မှု၊ ဒုံးပျံများ၊ ဂြိုဟ်တုများ သုတေသနပြုတီထွင်ထုတ်လုပ်ခဲ့မှု၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ချူကလီးယားဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးများ စမ်းသပ်တီထွင်အောင်မြင်ခဲ့မှု၊ ကဏ္ဍအလိုက် ဂြိုဟ်တုများ တီထွင်ထုတ်လုပ်လွှတ်တင်ခဲ့မှု၊ အာကာသပိုင်းဆိုင်ရာ အောင်မြင်မှုများ၊ လကမ္ဘာသို့ ဆင်းသက်မှုပြခန်း၊ အာကာသယာဉ်များလွှတ်တင်ခဲ့မှု၊ တရုတ်နိုင်ငံမှ ပေါ်ထွန်းခဲ့သည့် အာကာသပညာရှင်များ ပြခန်းတို့အားလှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြသမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားပြီး Harbin Institute of Technology နှင့် မြန်မာနိုင်ငံအကြား အာကာသဆိုင်ရာ နည်းပညာများ မျှဝေနိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက Harbin Institute of Technology ၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ Harbin Institute of Technology ၏ ဥက္ကဋ္ဌက အာကာသစခန်းပုံစံငယ်အား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် Harbin Electric Corporation သို့သွားရောက်လေ့လာကြရာ Harbin Electric Corporation မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ မိတ်ဆက်ဗီဒီယိုကိုကြည့်ရှုကြပြီး ပြခန်းအတွင်းခင်းကျင်းပြသထားသည့် ရေအားလျှပ်စစ်သုံးဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားလျှပ်စစ်သုံးဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ ချူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် ဂျင်နရေတာများနှင့် ဆက်စပ်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိမှု၊ Green Power Energy ထုတ်လုပ်ခြင်းများဖြစ်အောင်ဆောင်ရွက်လျက်ရှိမှု၊ အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိမှုများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စက်ရုံအတွင်း AI စနစ်အသုံးပြု၍ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် စက်ရုံမှ တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation visit Harbin Institute of Technology and Harbin Electric Corporation

NAY PYI TAW September 4

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is on a working visit in the People's Republic of China, accompanied by the high-level Myanmar delegation, left Beijing Capital International Airport for Harbin by air at 8 am local time, and was seen off at the airport by officials of Beijing municipality.

On arrival at Taiping International Airport in Harbin at 9.30 am local time, the Senior General and delegation were welcomed by an official with the rank of a deputy minister of Chinese government and other officials at the airport.

The Senior General and high-level Myanmar delegation then visited the Harbin Institute of Technology.

They were welcomed by Chairman of Harbin Institute of Technology Mr. Han Jie Cai and officials there.

The Senior General and delegation watched the introductory video clip of the university. Later, they were conducted round the displays on production of missiles, invention of new rockets and satellites through research, success in inventing and testing nuclear bombs for national defence, sector-wise invention and launching of satellites, achievements in space exploration, moon land-

See Page - 21►►




Senior General Min Aung Hlaing hears a report on invention of new rockets and satellites through research.



Senior General Min Aung Hlaing presents a gift to an official of Harbin Electric Corporation.





Senior General Min Aung Hlaing signs the visitor's book of Harbin Institute of Technology.

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds meeting with Secretary of the Heilongjiang Provincial Party Committee

NAY PYI TAW September 4

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is on a working visit to the People's Republic of China, met and held discussions with Mr. Xu Qin, Secretary of the Heilongjiang Provincial Committee of the Communist Party of China, at 6:00 pm local time today.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives Party Secretary of Heilongjiang Mr. Xu Qin.

Attending the meeting from the Myanmar side were the Senior General, along with Commission Secretary Joint Executive Chief General Ye Win Oo, other Commission Members, Union Ministers, and the Myanmar Ambassador to the People's Republic of China. From the Chinese side, the Secretary of the Heilongjiang Provincial Party Committee was accompanied by members of the Heilongjiang Provincial Government, H.E. Ms. Ma Jia, Ambassador of the People's Republic of China to Myanmar, and other responsible officials.

During the meeting, they frankly and openly exchanged views on various topics. These included the successful hosting of the Shanghai Cooperation Organisation (SCO) Summit 2025 and the military parade commemorating the 80th anniversary of the victory in the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War. They also discussed how diplomatic relations between Myanmar and China have surpassed 75 years, highlighting the fraternal and friendly cooperation between the two nations. Further discussions covered the successful agricultural and livestock farming operations within Heilongjiang Province, the establishment and operation of its higher education universities and colleges, and the attendance of Myanmar students there. Other points included the potential for exporting Myanmar agricultural produce to Heilongjiang Province, conducting technological exchanges in the agriculture and livestock sectors, enhancing cooperation in education and culture, and the state of trade and multifaceted cooperation between Heilongjiang Province and Myanmar.

100

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets scholarship students learning in Harbin of China



Senior General Min Aung Hlaing meets Myanmar scholars in Harbin, China.

NAY PYI TAW September 4

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently in Harbin of the People’s Republic of China during his working visit, met scholarship students who are learning at universities in Harbin, at Shangri-La Hotel in Harbin at 5:30 pm Chinese standard time today.

Also present at the meeting were Commission Secretary Joint Executive Chief General Ye Win Oo, commission members and Union ministers who accompanied the Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Myanmar Ambassador to the People’s Republic of China U Tin Maung Swe, and students.

First, students learning at universities in Harbin introduced themselves to the Senior General.

In his speech, the Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar said that

See Page - 21

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Putin pledges reciprocity following China’s Visa-Free regime for Russians

VLADIVOSTOK September 4

Russian President Vladimir Putin thanked on Thursday the Chinese leadership for the decision to introduce a visa-free regime for Russians.

“We simply had a lot of issues with the President [of China Xi Jinping] and we somehow did not get to this topic. I would very much ask you to convey to him my best wishes and words of gratitude for this decision, because it is of an extraordinary nature, it concerns, without any exaggeration, hundreds of thousands, if not millions of our citizens,” Putin said at a meeting with the member of the Politburo of the Central Committee of the Chinese Communist Party, Li Hongzhong, on the sidelines of the Eastern Economic Forum (EEF).

The decision on the visa-free regime for Russians will promote business development, the Russian president added.

“I would like to ask you to convey to the leadership of the People’s Republic of China and our friend, President Xi Jinping, that, of course, Russia will respond in kind to this friendly act, and we will do the same,” Putin said.

The Russian leader also called the Shanghai Cooperation Organization summit held in China brilliant, noting Xi’s large-scale initiatives.

**Sputnik**

# Death toll from Lisbon funicular accident rises to 17, with 21 injured

LISBON September 4

A historic funicular downtown, one of the Portuguese capital’s most famous tourist attractions, derailed and crashed on Wednesday, leaving 17 people dead and 21 injured.

Two of the injured died after being taken to the hospital, bringing the death toll to 17, the civil protection authority was cited by Lusa News Agency as saying.

Authorities said most of the injured have been identified, and foreign nationals are among the dead. The Chinese Embassy in Portugal told Xinhua that no Chinese nationals have been confirmed among the victims so far.

The cause of the accident is under investigation, with multiple inquiries launched by relevant authorities. The Lisbon City Council has suspended the operation of all similar funiculars in the city and ordered technical inspections.

Local media reported that Carris, the funicular’s operator, had outsourced its maintenance to cut costs.

The funicular’s maintenance contract, previously held by the company MAIN, expired at the end of August, while a planned new tender was canceled in the same month, raising concerns about maintenance safeguards.

Carris responded that all maintenance work had been duly carried out and all tendering procedures updated.

The Portuguese government declared Thursday a national day of mourning, while the Lisbon City Council announced a three-day citywide mourning period.




According to the National Statistics Institute, Portugal’s tourism sector contributed 34 billion euros (39.22 billion U.S. dollars) to the national economy in 2024, representing 11.9 percent of gross domestic product (GDP).

**Xinhua**

# Death toll from Afghanistan earthquake climbs to 2,205

KABUL September 4

The death toll from the powerful earthquake that struck eastern Afghanistan has climbed to 2,205, with 3,640 others injured, the Afghan Red Crescent Society reported Thursday.

Rescue operations remain underway amid reports that many people are still trapped beneath the rubble of collapsed homes, the organization said.

It added that the casualty figures are based on preliminary information and are expected to rise further.

Tents have been set up for displaced families in several locations, while the organized distribution of emergency relief supplies is ongoing, Afghan interim government deputy spokesperson Hamdullah Fitrat said in a post on X.

The official said on Wednesday that the number of homes destroyed in the affected areas has reached 6,782.

The quake struck at 11:47 p.m. local time on August 31, with its epicenter located 27 km northeast of Jalalabad, the capital of Nangarhar province, at a depth of eight km.

**Xinhua**

# Wildfire burns into historic Gold Rush town in California

LOS ANGELES September 4

A fast-moving wildfire, burning in the Sierra Nevada foothills, has scorched homes in a historic Gold Rush town in California and forced evacuations of residents from the town and surrounding highways on Tuesday, authorities said Wednesday.

Once a bustling community, the town in Chinese Camp was home to about 5,000 Chinese miners as well as a similar number of American and European settlers during the Gold Rush era, according to Tuolumne County.


The extent of the damage in Chinese Camp wasn’t immediately clear pending an official review, about 61 people still live there, said Emily Kilgore, public information officer with the California Department of Forestry and Fire Protection (Cal Fire) Tuolumne Calaveras Unit.

The fire is part of a group of lightning-sparked wildfires that have burned about 56 square km in multiple locations in Calaveras, Tuolumne and Stanislaus counties of the state, according to the Cal Fire.

As of Wednesday evening, the fires were 15 percent contained. More than 1,200 personnel and 13 helicopters have been deployed to battle the blazes, Cal Fire said.

**Xinhua**





Senior General Min Aung Hlaing observes a display of the products of Harbin Electric Corporation.

►► From Page - 18

ing exhibition room, launching of spacecraft, and the exhibition room on Chinese space technicians of the successive periods at the space exposition.

Regarding the reports, the Senior General asked for more information, and discussed means to share space technology between Harbin Institute of Technology and Myanmar.

He then signed the visitor's book of the institute.


The chairman of Harbin Institute of Technology presented a scale model of a space station to the Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, who in return presented gifts to him, followed by a group documentary photo session.

In the evening, the Senior General and delegation visited Harbin Electric Corporation, where they were welcomed by officials of the corporation.

They watched the introductory video clip of the corporation and later, were conducted round the displays on installation and production of generators and accessories for hydropower plants, wind power plants, solar power plants, nuclear power plants, and cold-fired power plants, generation of green power energy, manufacturing of electronic apparatus at the exhibition hall.

The Senior General and delegation observed production of machines with AI technology. Regarding the reports, the Senior General identified the areas where the corporation could render cooperation in hydropower generation in Myanmar.

The Senior General exchanged commemorative gifts with officials of the factory. **100**



Senior General Min Aung Hlaing being welcomed by Chinese officials at Taiping International Airport in Harbin.




Senior General Min Aung Hlaing looks around displays at space exposition.

●● From Page - 19

as those students are attending training courses in the People's Republic of China, it much benefits the State. Myanmar-China relation is the best at present. The Acting President and SSPC Chairman of the Republic of the Union of Myanmar attended the Shanghai Cooperation Organization-SCO Summit 2025 Plus and the parade to mark the 80th anniversary of the victory in the Chinese People's War of Resistance against Japanese Aggression and the World Anti-Fascist War. The SCO is playing a key role in peace, stability and development of the world, and Myanmar is expected to become a member of SCO.

During the training period, those students need to learn relevant subjects with their best efforts. At a time when they arrived back in Myanmar, they have to share their experiences and knowledge their learned with those from their departments. If so, their actions will benefit the State. Likewise, they need to share learning experiences, improvement of living standard of Chinese people and their societies with members of relevant workplaces. Trainees need to learn proficiency of Chinese languages as much as possible.

Preparations are being made in Myanmar to hold a free and fair election in coming December. So, management is being conducted for enabling all eligible voters to cast votes at the election. Myanmar Electronic Voting Machines will be used to prevent errors of voter list and voting frauds. Trainees need to take care of health conditions while learning and must try hard to complete learning process.

The Acting President and SSPC Chairman of the Republic of the Union of Myanmar fulfilled the requirements of trainees, presented foodstuffs and financial support and cordially greeted them.

**100**

# ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုထိန်းညှိပြီး ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် အရေးပါလာမယ့် တရုတ်နိုင်ငံရဲ့စစ်ရေးပြအခမ်းအနားမှ ဂုဏ်ယူဖွယ်ရာစစ်လက်နက်ပစ္စည်းများ - (၁)

ထက်မြတ်

မြန်မာဆိုရိုးစကားမှာ “မရှိခိုးနိုး၊ မလှစုန်းယိုး” ဆိုပြီးပြောထားတာရှိပါတယ်။ အဓိပ္ပာယ်က ငွေကြေးဥစ္စာမရှိတဲ့သူတွေဆိုရင် သူများပစ္စည်းကိုခိုးတော့မလားဆိုတဲ့စိတ်နဲ့ အကြည့်ခံရတဲ့အပြင် ဖိနှိပ်ခံကြရပါသေးတယ်။ ဒ့ါအပြင် ရုပ်မလှတဲ့သူတွေကို စုန်းအဖြစ်ယိုးစွပ်ပြီး ရွာအပြင်ထုတ်ထားကြလေ့ရှိပါတယ်။ ဒါတွေဟာ ဖြစ်တတ်တဲ့လူ့သဘောသဘာဝတွေပါ။ ဒါကြောင့်လည်း ရှေးလူကြီးသူမတွေက “မရှိခိုးနိုး၊ မလှစုန်းယိုး” ဆိုပြီးပြောခဲ့ကြတာဖြစ်ပါတယ်။ အဲဒီတော့ ငွေကြေးဥစ္စာရှိအောင် ရှာဖွေစုဆောင်းကြရမယ်။ ရုပ်ဆိုးနေသည့်တိုင်အောင် ကြည့်ပျော်ရှုပျော်ဖြစ်အောင် ဝတ်စားဆင်ယင်နေထိုင်ရမယ်ဆိုပြီး လူကြီးသူမတွေက ဆုံးမခဲ့ကြတာပါ။

အလားတူပဲ ကမ္ဘာ့နိုင်ငံရေးမှာလည်း အင်အားကြီးသူအနိုင်ရစတမ်းဆိုတဲ့ တောတွင်းဥပဒေကို ကျင့်သုံးနေခဲ့ကြတာ နှစ်များစွာကြာမြင့်ခဲ့ပါပြီ။ ဒါဟာ အင်အားနည်းပါးသူတွေမှာ အင်အားကြီးသူတွေနဲ့ပခုံးချင်းယှဉ်နိုင်မယ့်အရာတစ်ခုခုမရှိနေလို့ပါ။ ဥပမာအားဖြင့် စီးပွားရေးနဲ့အနိုင်ကျင့်သူကို စီးပွားရေးအရတုံ့ပြန်နိုင်စွမ်း၊ စစ်လက်နက်ပစ္စည်းနဲ့အနိုင်ကျင့်သူကို သူ့ထက်မသာရင်တောင်မှ သူနဲ့တန်းတူလိုက်နိုင်တဲ့ စစ်လက်နက်ပစ္စည်းများနဲ့ တုံ့ပြန်နိုင်စွမ်းမရှိကြလို့ဖြစ်ပါတယ်။ တကယ်လို့များ အနိုင်ကျင့်ခံရသူတွေမှာ အနိုင်ကျင့်သူတွေနဲ့တန်းတူရည်တူရှိတဲ့အရာတစ်ခုခုပိုင်ဆိုင်ထားတယ်ဆိုရင် ကမ္ဘာကြီးမှာဗိုလ်ကျစိုးမိုးမှုဆိုတာ မရှိနိုင်တော့ပါဘူး။ တန်းတူရည်တူဆက်ဆံမှုသာရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့အင်အားကြီးနိုင်ငံများက နျူကလီးယားအဟန့်ဆိုတာကို ပိုင်ဆိုင်နိုင်အောင် ကြိုးပမ်းခဲ့ကြတာဖြစ်ပါတယ်။

အရင်တုန်းကတော့ နျူကလီးယားလက်နက်ဆိုတာ အသုံးမပြုသင့်တဲ့လက်နက်၊ လူသားမျိုးနွယ်စုကြီးတစ်ခုလုံးကို ခြိမ်းခြောက်တဲ့လက်နက်အဖြစ်သတ်မှတ်ခဲ့ကြပေမယ့် နျူကလီးယားလက်နက်ပိုင်ဆိုင်သူက အဲဒီလက်နက်နဲ့ ခြိမ်းခြောက်ဗိုလ်ကျမှုတွေလုပ်လာတဲ့အခါ ကမ္ဘာ့အင်အားချိန်ခွင်လျှာက တစ်ဖက်စောင်းနင်းဖြစ်လာတဲ့အတွက် တခြားနိုင်ငံတွေကလည်း နျူကလီးယားလက်နက်ကိုပိုင်ဆိုင်အောင်ကြိုးပမ်းလာခဲ့ကြတာပါ။ ဒါကိုပိုင်ဆိုင်သွားပြီးတဲ့အခါ နျူကလီးယားအဟန့်ကိုပိုင်ဆိုင်သွားပါပြီ။ ဒီအချိန်မှာ အရင်တုန်းက လက်နက်ပြအကျပ်ကိုင်ဗိုလ်ကျနေတဲ့အင်အားကြီးနိုင်ငံများကလည်း သူတို့အရင်တုန်းက ဗိုလ်ကျခဲ့တဲ့နိုင်ငံကို သူတို့နဲ့တန်းတူရည်တူထားပြီး ဆက်ဆံမှုတွေလုပ်လာကြပါတော့တယ်။ ဒါကိုတော့ အင်အားချိန်ခွင်လျှာထိန်းညှိလိုက်နိုင်တယ်လို့ဆိုပါတယ်။

တရုတ်နိုင်ငံဆိုတာ အရင်တုန်းက ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့တို့ကိုတော်လှန်ခဲ့ရပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်ပြီးချိန်မှာလည်း အရင်ကမဟာမိတ်ဖြစ်ခဲ့ဖူးတဲ့နိုင်ငံများရဲ့ သဘောတရားရေးရာမတူညီမှုများကိုအကြောင်းပြုလို့ ပစ်မှတ်ထားအနိုင်ကျင့်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ အခုတော့ ဒီလိုမျိုးအနိုင်ကျင့်ခံရမှုတွေကနေ လွတ်မြောက်သွားပါပြီ။ အကြောင်းရင်းကတော့ တရုတ်နိုင်ငံက စီးပွားရေးမှာထိပ်တန်းအဆင့်ကိုရောက်ရှိလာရုံသာမက တစ်ဖက်ကလည်း ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်မှုအဖြစ် စစ်လက်နက်ပစ္စည်းများကို အဆင့်မြှင့်တင်ထုတ်လုပ်မှုများ လုပ်ဆောင်လာပါတယ်။

စက်တင်ဘာလ ၃ ရက်ကကျင်းပတဲ့ တရုတ်ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနဲ့ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားမှာ တကယ့်ကိုစွမ်းပကားထက်မြက်လွန်းလှတဲ့ စစ်လက်နက်ပစ္စည်းအသစ်များကို ထုတ်ဖော်ပြသသွားတာတွေ့ရပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အခုလိုမျိုးအဆင့်မြင့်စစ်လက်နက်ပစ္စည်းတွေကို ထုတ်ဖော်ပြသနိုင်တာဟာ တကယ့်ကိုဂုဏ်ယူစရာပါ။ အခုထုတ်ဖော်ပြသလိုက်တဲ့ စစ်လက်နက်ပစ္စည်းတွေဟာ သာမန်လက်နက်တွေမဟုတ်ပါဘူး။ ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုညီမျှစေပြီး ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ကြဉ်းပေးမယ့် လက်နက်များပဲဖြစ်ပါတယ်။ အဲဒီလက်နက်တွေထဲမှာ အဆင့်မြင့်ချေမှုန်းရေးရိုင်ဖယ်များမှသည် ကိုယ်ပျောက်တိုက်လေယာဉ်များနဲ့ အသံနှုန်းလွန်ဒုံးကျည်များအထိပါဝင်ပါတယ်။ ဒီတော့ အဲဒီစစ်ရေးပြပွဲမှာ ဘယ်လိုလက်နက်တွေကိုထုတ်ဖော်ပြသသွားတယ်။ အဲဒီလက်နက်တွေက ဘယ်လိုစွမ်းပကားတွေကိုပိုင်ဆိုင်ထားတယ်။ ဘယ်လောက်အတိုင်းအတာအထိ အဟန့်အတားဖြစ်စေနိုင်တယ်ဆိုတာတွေနဲ့ပတ်သက်ပြီး ကျွန်တော်က ရေးသားတင်ပြပေးသွားပါမယ်။

## QBZ-191 ချေမှုန်းရေးရိုင်ဖယ်အသစ်



စစ်ရေးပြပွဲမှာ ထုတ်ဖော်ပြသသွားတဲ့ စစ်လက်နက်ပစ္စည်းများထဲမှာ ပထမဆုံးသတိထားမိတာက အဆင့်မြှင့်တင်ထားတဲ့ QBZ–191 အမျိုးအစား ချေမှုန်းရေးရိုင်ဖယ်ဖြစ်ပါတယ်။ QBZ–191 ဆိုတာ Type 20 လက်နက်ငယ်အနွယ်ဝင်ဖြစ်ပြီး QBZ–95 နေရာမှာ အစားထိုးသွားမယ့် လက်နက်ငယ်တစ်လက်ဖြစ်ပါတယ်။ လက်နက်ငယ်ဆိုပေမယ့် သူ့ရဲ့စွမ်းဆောင်ရည်တွေကိုကြည့်လိုက်ရင် တကယ့်ကိုမက်လောက်စရာပါ။ သူ့အတွက်ကျည်ဆန်က ၅ ဒသမ ၈ မီလီမီတာ အမျိုးအစားကို သုံးထားတာဖြစ်ပါတယ်။ သူ့ကိုပြည်တွင်းစံသတ်မှတ်ချက်တစ်ခုအနေနဲ့ ထုတ်လုပ်ထားတာပါ။ အဲဒီရိုင်ဖယ်ကို အဲဒီကျည်ဆန်နဲ့ထည့်ပြီးပစ်ခတ်လိုက်မယ်ဆိုရင် မီတာ ၈၀၀ အကွာအဝေးရှိပစ်မှတ်ကို ကောင်းစွာထိမှန်နိုင်စေမှာပါ။ ဒီအချက်ကတင်ပဲ မက်လောက်စရာဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဘယ်လိုချေမှုန်းရေးရိုင်ဖယ်ကမှ မီတာ ၈၀၀ လောက်အထိအကွာအဝေးကို ရောက်အောင် မပစ်ခတ်နိုင်လို့ပါ။

သူ့ကို လျှောက်လမ်းလေးတပ်လိုက်မယ်ဆိုရင် တယ်လီစကုပ်တို့၊ အနီအောက်ရောင်ခြည်သုံး သို့မဟုတ် ညကြည့်ကိရိယာများကိုပါ တပ်ဆင်နိုင်မှာဖြစ်ပါတယ်။ ဒီလိုတပ်ဆင်လိုက်တဲ့အခါ အလင်းရောင်အားနည်းတဲ့အခါမျိုး၊ ပစ်မှတ်ရှုပ်ထွေးတဲ့နေရာမျိုးတို့မှာ ရိုင်ဖယ်ရဲ့ထိရောက်မှုကို ပိုမိုတိကျစေမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံပိုင်သတင်းဌာနတစ်ခုဖြစ်တဲ့ CCTV သတင်းဌာနရဲ့ထုတ်ပြန်ချက်အရဆိုရင် သေနတ်ကို ချိန်ဆိုက်မှန်ပြောင်းတပ်ဆင်အသုံးပြုပါက ၃ စင်တီမီတာကျည်စုအတွင်း ကျည်အတောင့် ၂၀ ဝင်နိုင်တဲ့အထိ တိကျမှုမြင့်မားစေမှာဖြစ်တယ်လို့သိရပါတယ်။

## တင့်များနှင့်သံချပ်ကာယာဉ်အသစ်များ




အခုစစ်ရေးပြပွဲမှာ တင့်နဲ့သံချပ်ကာယာဉ်အသစ်သုံးမျိုး ပြသသွားတာတွေ့ရပါတယ်။ အဲဒါတွေကတော့ Type 99B ပင်မတိုက်ပွဲဝင်တင့်၊ Type 100 တင့်နဲ့ Type 100 ခြေလျင်တိုက်ယာဉ်တို့ပါပဲ။ အဲဒီတင့်နဲ့သံချပ်ကာယာဉ်တို့ဟာ တစ်စီးနဲ့တစ်စီးကွန်ရက်ချိတ်ဆက်နိုင်တဲ့အပြင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု မြေပြင်စစ်ပွဲမှာ တရုတ်နိုင်ငံက ရှေ့ကိုရောက်နေပြီဆိုတာကို သက်သေပြသွားတဲ့စစ်လက်နက်ပစ္စည်းများဖြစ်ပါတယ်။ Type 100 တင့်ဆိုရင် တရုတ်နိုင်ငံရဲ့ ပထမဆုံးသောစတုတ္ထမျိုးဆက်တင့်ဖြစ်နိုင်ပါတယ်။ စတုတ္ထမျိုးဆက်ဆိုတဲ့အပေါ်သတ်မှတ်ချက်ကတော့ သူ့မှာအဆင့်မြင့်တိုက်ရိုက်ကာကွယ်ရေးစနစ်များပါရှိရပါမယ်။ ရွေ့လျားသွားလာနိုင်စွမ်းမြင့်မားရပါမယ်။ စစ်မြေပြင်သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီရရှိနိုင်စေတဲ့ ကွန်ရက်ချိတ်ဆက်မှုရှိရပါမယ်။ Type 100 မှာ ဒီလိုအချက်တွေနဲ့ပြည့်စုံနေတာကို တွေ့ရပါတယ်။

ဒ့ါအပြင် သူ့မှာတခြားတင့်တွေနဲ့မတူဘဲ ထူထဲတဲ့ကျည်ကာနဲ့ ကြီးမားတဲ့သေနတ်များပါဝင်ပါတယ်။ တိုက်ရိုက်ကာကွယ်ရေးကြားဖြတ်စနစ်များ၊ Photoelectric အာရုံခံကိရိယာများတပ်ဆင်ထားပါတယ်။ ခေတ်မီတင့်ဖျက်ဒုံးကျည်များနဲ့ဒရုန်းများရဲ့ရန်ကနေကာကွယ်နိုင်စေဖို့အတွက် အဝေးထိန်းလက်နက်စနစ်များလည်းပါဝင်ပါတယ်။ ဒီလက်နက်စနစ်များဆိုတာ ခေတ်သစ်စစ်ပွဲမှာ တင့်တစ်စီးအတွက် မရှိမဖြစ်အရေးပါလာတဲ့စနစ်များဖြစ်ပါတယ်။ ပင်မသေနတ်အဖြစ် ၁၃၀ မီလီမီတာ ပြောင်းချောသေနတ်ကိုလည်း တပ်ဆင်ပေးထားပါတယ်။

Type 100 ခြေလျင်တိုက်ယာဉ်မှာကျတော့ လုပ်ဆောင်ချက်အသစ်တစ်ခုကိုထည့်သွင်းထားပါတယ်။ အဲဒါကတော့ ယာဉ်ရဲ့နောက်ပိုင်းကနေ ကင်းထောက်ဒရုန်းများကိုစေလွှတ်နိုင်ခြင်းဖြစ်ပါတယ်။ အဲဒီယာဉ်ကိုမောင်းနှင်သူများကလည်း AR ကိရိယာများကိုတပ်ဆင်ထားမှာဖြစ်တဲ့အတွက် တိုက်ပွဲအခြေအနေကို ဘက်ပေါင်းစုံကနေမြင်တွေ့နိုင်ကာ ချုံခိုတိုက်ခိုက်မှုလိုမျိုး ရန်သူရဲ့ခြိမ်းခြောက်မှုများကိုလည်း ကြိုတင်လက်ဦးမှုယူချေမှုန်းနိုင်စွမ်းရှိစေမှာဖြစ်ပါတယ်။

## PCL-191 တာဝေးအတွဲလိုက်ဒုံးပစ်လောင်ချာ



PCL–191 ဆိုတာ အမေရိကန်နိုင်ငံထုတ် HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာလိုမျိုးပဲ တာဝေးပစ်အတွဲလိုက်ဒုံးပစ်လောင်ချာအမျိုးအစားဖြစ်တယ်လို့ လေ့လာသူများကပြောပါတယ်။ ရစ်ဘီးယာဉ်ကိုယ်ထည်ပေါ်မှာတပ်ဆင်ထားတဲ့ အဲဒီဒုံးပစ်လောင်ချာက ပွဲထိန်းဒုံးများသာမကနည်းဗျူဟာမြောက် အမြင့်ပျံဒုံးကျည်များကိုပါ ပစ်ခတ်နိုင်စွမ်းရှိတာတွေ့ရပါတယ်။ ဒါကြောင့် ဒုံးကျည်ထိပ်ဖူးရဲ့အလေးချိန်အပေါ်မူတည်ပြီး အနည်းဆုံး ၁၀ ကီလိုမီတာမှသည် အများဆုံး ၃၅၀ ကီလိုမီတာအထိကို ပစ်ခတ်နိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင် စစ်ရေးပြပွဲမှာမြင်တွေ့လိုက်ရတဲ့ အဲဒီအတွဲလိုက်ဒုံးပစ်လောင်ချာက အမျိုးအစားနှစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလောင်ချာအနေနဲ့ အမျိုးမျိုးသောခဲယမ်းများနဲ့ ပေါင်းစပ်အသုံးပြုနိုင်စွမ်းရှိတယ်ဆိုတာကို တရုတ်နိုင်ငံကထုတ်ဖော်ပြသလိုက်တာပါ။ အကယ်၍ ၃၀၀ မီလီမီတာရှိတဲ့ ဒုံးတွေကိုပစ်ခတ်မယ်ဆိုရင် ဒုံးပစ်ပေါက် ၁၀ ခုပါလောင်ချာကိုတင်ဆောင်နိုင်ပြီး ၃၇၀ မီလီမီတာရှိတဲ့ဒုံးတွေကို ပစ်ခတ်မယ်ဆိုရင်တော့ ဒုံးပစ်ပေါက်ရှစ်ခုပါတဲ့ လောင်ချာကိုတပ်ဆင်နိုင်မှာဖြစ်ပါတယ်။ ၃၀၀ မီလီမီတာဖြစ်စေ၊ ၃၇၀ မီလီမီတာဖြစ်စေ PCL–191 နဲ့ပစ်ခတ်နိုင်တဲ့ ဒုံးကျည်တစ်စင်းစီတိုင်းမှာ ဂြိုဟ်တုလမ်းညွှန်စနစ်နဲ့ အရွေ့စွမ်းအင်လမ်းညွှန်စနစ်တို့ပါဝင်ပါတယ်။

## LY-1 သင်္ဘောတင်လေဆာလက်နက်




စာမျက်နှာ ၂၃ သို့ ➲

**⊃ စာမျက်နှာ ၂၂ မှအဆက်**

LY-1 သင်္ဘောတင်လေဆာလက်နက်ဆိုတာ တရုတ်နိုင်ငံရဲ့စစ်ရေးပြပွဲမှာ လူအများစိတ်ဝင်စားရတဲ့ နောက်ထပ်အဆင့်မြင့်လက်နက်စနစ်တစ်ခုဖြစ်ပါတယ်။ ဒီလက်နက်စနစ်က ရေတပ်ဆိုင်ရာလက်နက်စနစ်တွေထဲမှာ ပထမဆုံးအကြိမ်လူသိရှင်ကြားထုတ်ဖော်ပြသလိုက်တဲ့ တိုက်ရိုက်စွမ်းအင်သုံးစနစ်လည်းဖြစ်ပါတယ်။ ဒီလေဆာလက်နက်ကိုထုတ်ဖော်ပြသခြင်းဟာ စစ်ရေယာဉ်စုများကာကွယ်ရေးစနစ်မှာ အလှည့်အပြောင်းတစ်ခုဖြစ်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းက လက်တွေ့စမ်းသပ်မှုများအတွက်သာ လုပ်ဆောင်ခဲ့ကြပေမယ့် အခုတော့ စစ်ရေယာဉ်တွေပေါ်မှာ အမှန်တကယ်တင်ဆောင်အသုံးပြုနိုင်တဲ့အဆင့်ကို ရောက်ရှိလာတာကြောင့်ဖြစ်ပါတယ်။

LY-1 လေဆာလက်နက်စနစ်ကို အလွှာလိုက်ကာကွယ်ရေးစနစ်ထဲမှာ ထည့်ထားတာပါ။ အဲဒီအလွှာလိုက်ကာကွယ်ရေးစနစ်ထဲမှာ HHQ-9C အမျိုးအစား တာဝေးပစ်ကြားဖြတ်ဒုံးကျည်စနစ်၊ HQ-16C တာလတ်ပစ်ဒုံးကျည်စနစ်နဲ့ အနီးကပ်ကာကွယ်ရေးကြားဖြတ်စနစ်များပါဝင်ပါတယ်။ အဲဒီလက်နက်စနစ်လေးမျိုးက အမြင့်ပျံဒုံးကျည်များ၊ အနိမ့်ပျံဒုံးကျည်များ၊ ဒရုန်းများနဲ့ တခြားသောဝေဟင်ရန်စွယ်များရဲ့တိုက်ခိုက်မှုများမှ ကာကွယ်နိုင်စေဖို့အတွက် အဆင့်လိုက်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြတာဖြစ်ပါတယ်။

အဲဒီထဲမှာမှ LY-1 ရဲ့အခန်းကဏ္ဍက ထူးခြားပါတယ်။ ဘယ်လိုမျိုးထူးခြားတာလဲဆိုတော့ သူကအရှေ့စွမ်းအင်သုံး ကြားဖြတ်လက်နက်တွေလိုမျိုးမဟုတ်ဘဲ ကိုယ့်ပိုင်နက်အတွင်းဝင်ရောက်လာတဲ့ ရန်သူဟူသမျှကို ဖျက်ဆီးဖို့အတွက် စုစည်းစွမ်းအင်ကြီးကို အလင်းရဲ့အလျင်နဲ့ ပစ်လွှတ်လိုက်တာဖြစ်ပါတယ်။

## စွမ်းအားမြင့်မိုက်ခရိုဝေ့စနစ်




တရုတ်နိုင်ငံအနေနဲ့ ဒရုန်းဖျက်စစ်ဆင်ရေးလက်နက်တိုးတက်မှုမှာ ဘယ်လောက်အတိုင်းအတာအထိ အောင်မြင်မှုတွေရရှိနေပြီလဲဆိုတာကို အခုစစ်ရေးပြပွဲမှာဖော်ထုတ်ပြသခဲ့ပါသေးတယ်။ ဒရုန်းစစ်ပွဲဆိုတာ ယနေ့ခေတ် ခေတ်သစ်စစ်ပွဲရဲ့ ဗဟိုချက်လိုဖြစ်လာနေတာပါ။ အခုပြသသွားတဲ့အထဲမှာ မတူညီတဲ့အမျိုးအစားသုံးမျိုးကို ပြသသွားတာဖြစ်ပါတယ်။ အဲဒါတွေကတော့ ဒုံးကျည်နဲ့အမြောက်ဆိုင်ရာစနစ်များ၊ စွမ်းအင်မြင့်မားလေဆာလက်နက်စနစ်များ၊ စွမ်းအားမြင့်မားမိုက်ခရိုဝေ့လက်နက်စနစ်များဆိုပြီးတော့ဖြစ်ပါတယ်။ တရုတ်စစ်လက်နက်ပစ္စည်းကျွမ်းကျင်ပညာရှင်များကတော့ အဲဒီစနစ်တွေကို "သံမဏိတြိဂံ" ဆိုပြီးသတ်မှတ်ထားပါတယ်။ အထူးသဖြင့် လူမဲ့ဝေဟင်ရန်စွယ်များအားလုံးကို အကြမ်းနည်းနဲ့သာမက အနုနည်းနဲ့ပါချေမှုန်းနိုင်စေဖို့ တာဝန်ကိုယ်စီထမ်းဆောင်သွားမှာဖြစ်တယ်လို့ဆိုပါတယ်။

အဲဒီထဲကမှ မိုက်ခရိုဝေ့လက်နက်စနစ်ဆိုတာ လေဆာလက်နက်ရဲ့လုပ်ဆောင်ပုံနဲ့အလားသဏ္ဍာန်တူပေမယ့် ထိရောက်မှုအပိုင်းမှာတော့ တော်တော်လေးကွာခြားသွားပါတယ်။ လေဆာလက်နက်က ပစ်မှတ်တစ်ခုတည်းကိုပဲချေမှုန်းနိုင်ချိန်မှာ မိုက်ခရိုဝေ့လက်နက်ကသတ်မှတ်နယ်ပယ်တစ်ခုကို သူ့ရဲ့လျှပ်စစ်သံလိုက်လှိုင်းစွမ်းအင်များနဲ့လွှမ်းခြုံလိုက်တာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒရုန်းများမှာပါဝင်တဲ့ လျှပ်စီးပတ်လမ်းများကို ပျက်စီးသွားစေပါတယ်။


ဒါ့အပြင် မိုက်ခရိုဝေ့လက်နက်များဆိုတာက လေဆာလက်နက်တွေလိုမျိုး ပစ်မှတ်ကိုလိုက်လံချိန်တွယ်နေစရာမလိုဘဲ ကိုယ်ပစ်မှတ်ထားလိုတဲ့ သတ်မှတ်နယ်မြေတစ်ခုတည်းကိုသာ လျှပ်စစ်သံလိုက်လှိုင်းများနဲ့ လွှမ်းခြုံစေတာဖြစ်တဲ့အတွက် ကုန်ကျစရိတ်အားဖြင့်လည်း သက်သာသလို ထိရောက်မှုအားဖြင့်လည်း အမြင့်ဆုံးဖြစ်တာကိုတွေ့ရှိရပါတယ်။ အထူးသဖြင့် ဒရုန်းအုပ်ဖွဲ့တိုက်ခိုက်မှုများမှာ ဒီလိုပုံစံနဲ့တန်ပြန်တိုက်ခိုက်မှုက ထိရောက်မှုရှိတာဖြစ်ပါတယ်။ ။

Ref: IE

# အမေရိကန်က ယူကရိန်းသို့ ဒုံးကျည်များရောင်းချပေးရန်အတည်ပြုမှု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပျက်စီးစေနိုင်ဟု ရုရှားပြော

**မော်စကို၊ စစ်ရေး**

အမေရိကန်က ယူကရိန်းနိုင်ငံသို့ ဒုံးကျည်ထောင်ပေါင်းများစွာရောင်းချပေးရန် အတည်ပြုလိုက်ခြင်းသည် ယူကရိန်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပျက်စီးစေနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက စက်တင်ဘာလ ၄ ရက်တွင်ပြောသည်။



ယူကရိန်းနိုင်ငံသို့ စစ်ဘက်ဆိုင်ရာထောက်ပံ့မှုများပေးနေခြင်းသည် ဖြစ်ပွားနေသည့်စစ်ပွဲကိုသာ သက်ဆိုးရှည်စေမည်ဖြစ်ကြောင်း၊ ထိန်းမနိုင်သိမ်းမရဖြစ်နေသည့်အခြေအနေကိုပင် အကြိမ်ကြိမ်ပြန်လည်ရောက်ရှိစေနိုင်ကြောင်း ရုရှားအစိုးရကထောက်ပြပြောဆိုထားသည်ဟု မာရီယာဇာခါရိုဗာကဆက်ပြောသည်။

ရုရှားနိုင်ငံအရှေ့ဖျားပိုင်း ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာလ ၃ ရက်မှ ၆ ရက်အထိလုပ်ဆောင်နေသည့် (၁၀)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ သတင်းစာရှင်းလင်းပွဲတွင် မာရီယာဇာခါရိုဗာကယခုကဲ့သို့ပြောခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက ဒေါ်လာ ၈၂၅ သန်းတန်ဖိုးရှိသည့် ဒုံးကျည်များကို ယူကရိန်းနိုင်ငံသို့ ပေးပို့ရောင်းချရန်သဘောတူသည်ဟု ပြီးခဲ့သည့်လကုန်ပိုင်းတွင် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ ထိုဒုံးကျည်များဝယ်ယူမှုအတွက်ငွေကြေးကို ဥရောပနိုင်ငံအချို့က ထောက်ပံ့ပေးခြင်းဖြစ်သည်။

ယူကရိန်းသို့ရောင်းချပေးသွားမည့် ဒုံးကျည်များမှာ ဝေဟင်မှပစ်လွှတ်နိုင်သောအကွာအဝေးတိုးမြှင့်တိုက်ခိုက်ရေးခဲယမ်းများဖြစ်သည်။ ရောင်းချပေးမည့်ပမာဏမှာ ဒုံးကျည်အလုံးရေ ၃၃၅၀ ဖြစ်သည်။ ထိုကဲ့သို့ဒုံးကျည်များကို ယူကရိန်းသို့ရောင်းချပေးမည်ဟူသောဆုံးဖြတ်ချက်ကိုချမှတ်ခြင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ယူကရိန်းသမ္မတ ဇီလန်စကီတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးပြီးနောက်မှသာ ချမှတ်ခြင်းဖြစ်သည်။ ထို့ပြင် အမေရိကန်အနေဖြင့် အဆိုပါဒုံးကျည်များကို ယူကရိန်းနိုင်ငံသို့ သီတင်းပတ်ခြောက်ပတ်အတွင်း ပေးပို့ပေးသွားမည်ဖြစ်ကြောင်း The Wall Street Journal ကဖော်ပြထားသည်။

အလားတူ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က ပဋိပက္ခများပြီးနောက် ယူကရိန်းနိုင်ငံ၌ ဥရောပနိုင်ငံများမှတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ချထားမည့်အခြေအနေနှင့်ပတ်သက်၍ အသေးစိတ်အခြေအနေများကို စီစဉ်ရေးဆွဲထားကြောင်းပြောဆိုထားသည်။ သို့သော် ယင်းသို့လုပ်ဆောင်ချက်သည် အားလုံး၏လုံခြုံရေးကိုလျော့ပါးစေမည်ဖြစ်ကြောင်း၊ အခြေခံအားဖြင့် ထိုလုပ်ဆောင်ချက်ကို လက်မခံနိုင်ကြောင်း ဇာခါရိုဗာကပြောထားသည်။

Ref: Xinhua

# အာဖဂန်နစ္စတန်၌ ငလျင်လှုပ်မှုအတွင်း သေဆုံးသူ ၂၂၀၅ ဦးနှင့် ဒဏ်ရာရရှိသူ ၃၆၄၀ အထိ မြင့်တက်လာ

**ကဘူး၊ သဘာ၀ဘေး**

အာဖဂန်နစ္စတန်နိုင်ငံ၌ဖြစ်ပွားသော ငလျင်လှုပ်ခတ်မှုအတွင်း သေဆုံးသူ ၂၂၀၅ ဦးနှင့် ဒဏ်ရာရရှိသူ ၃၆၄၀ အထိမြင့်တက်လာကြောင်း အာဖဂန်လခြမ်းနီအဖွဲ့က စက်တင်ဘာလ ၄ ရက်တွင်ထုတ်ပြန်ထားသည်။

နေအိမ်အပျက်အစီးများအောက်တွင် ပိတ်မိနေသောသူ များစွာကျန်ရှိနေနိုင်သေးသည်ဟု သတင်းပို့မှုများကိုလက်ခံရရှိနေဆဲဖြစ်ကြောင်းနှင့် ကယ်ဆယ်ရေးသမားများကလည်း ကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်းနှင့် ယခုရရှိသည့်စာရင်းသည် ကနဦးမေးမြန်းမှုများအရပြုစုထားခြင်းသာဖြစ်သောကြောင့် သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာနိုင်ကြောင်း လခြမ်းနီအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိတွင် ငလျင်ဒဏ်သင့်မိသားစုများ ခေတ္တနေထိုင်နိုင်စေရေးအတွက် တာဝန်ရှိသူများကယာယီတဲများထိုးပေးထားကြောင်း၊ အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများကိုလည်း စနစ်တကျဖြန့်ဝေပေးနေကြောင်း အာဖဂန်ကြားဖြတ်အစိုးရအဖွဲ့ကထုတ်ပြန်ထားသည်။ အဆိုပါငလျင်ကြောင့် သဘာ၀ဘေးသင့်ဒေသများ၌ ပျက်စီးဆုံးရှုံးရသောအိမ်ခြေစုစုပေါင်း ၆၇၈၂ လုံးရှိကြောင်း အာဖဂန်တာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၃ ရက်တွင်ပြောထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဩဂုတ်လ ၃၁ ရက် ည ၁၁ နာရီ ၄၇ မိနစ်တွင် နန်ဂါဟာပြည်နယ်၏ မြို့တော်ဖြစ်သော ဂျာလာလာဘတ်မြို့၏အရှေ့မြောက်ဘက် ၂၇ ကီလိုမီတာအကွာနေရာတွင် မြေအောက်အနက် ၈ ကီလိုမီတာကိုဗဟိုပြု၍ ပြင်းအား ၆ ဒသမ သုညရှိ ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

Ref: Xinhua

# တရုတ်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးအတွက် ခိုင်မာစွာရပ်တည်နေဟု ရှီကျင့်ဖျင်ပြော

**ပေကျင်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့်မဟာဗျူဟာမြောက်ဆက်ဆံရေးအတွက် ခိုင်မာစွာရပ်တည်နေကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်နှင့်စက်တင်ဘာလ ၄ ရက်တွင် ပေကျင်းမြို့၌တွေ့ဆုံစဉ် ပြောထားသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်တို့ကြား ယခုတွေ့ဆုံမှုသည် ခြောက်နှစ်အတွင်းပထမဆုံးအကြိမ်ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီနှင့်အစိုးရအဖွဲ့သည် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုရှိစေရေးအတွက် အမြဲတမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြားဆက်ဆံရေးပိုမိုတိုးတက်စေရန် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအခြေအနေများမည်သို့ပင်ပြောင်းလဲစေကာမူ ထိုရပ်တည်ချက်ကမည်သည့်အခါမျှပြောင်းလဲမည်မဟုတ်ကြောင်း ရှီကျင့်ဖျင်ကပြောသည်ဟု ပြည်တွင်းသတင်းဌာနကဖော်ပြထားသည်။

ထို့ပြင် တရုတ်နိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် အိမ်နီးချင်းကောင်းများဖြစ်ကြောင်း၊ ကိုရီးယားကျွန်းဆွယ်ဒေသ၌ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းရန် နှစ်နိုင်ငံကြား နက်ရှိုင်းစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှီကျင့်ဖျင်ကပြောထားသည်ဟုသိရသည်။

Ref: SCMP

# မြစ်ကြီးနားမြို့ရှိသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၄

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့်ခဲတော်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏တိုင်းမှူးဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲတွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြုအသင်းက ဒိုင်းဆုရရှိ

နေပြည်တော် စက်တင်ဘာ ၄

၂၀၂၅ ခုနှစ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်/ တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဩဂုတ်လ ၂၉ ရက်မှ စတင်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲပွဲစဉ်တွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြုအသင်းက ဒိုင်းဆုရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တိုင်းမှူးဒိုင်းဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာလ ၃ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြပြီး ဗိုလ်လုပွဲပွဲစဉ်များယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ကျိုင်းတုံတပ်နယ်ကိုယ်စားပြုအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ဒိုင်းဆုရရှိသည့် ကျိုင်းတုံတပ်နယ်ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများကိုပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၄

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွက် အလှူငွေများလှူဒါန်းပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚C | / | ၃၃˚C |
| ရန်ကုန် | ၂၅˚C | / | ၃၃˚C |
| မန္တလေး | ၂၇˚C | / | ၃၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လျှပ်စစ်သုံးယာဉ် (EV) နှစ်ဘီး၊ သုံးဘီးဆိုင်ကယ်များ SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သွားရောက်ကြည့်ရှု



နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် စက်မှုဇုန်ရှိ Myanmar New Power Investment Group Co., Ltd. တွင် လျှပ်စစ်သုံးယာဉ် (EV) နှစ်ဘီး၊ သုံးဘီး ဆိုင်ကယ်များကို Semi Knocked Down (SKD)စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းကို လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ Naypyitaw State Polytechnic University (NSPU)၊ နေပြည်တော်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ယမန်နေ့က သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ အစည်းအဝေးခန်းမ၌ ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက အရည်အသွေးပြည့်မီစွာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ဆောင်ရွက်သွားရန်၊ ဘက်ထရီလဲလှယ်စင်တာများကိုပါ တည်ဆောက်သွားရန်၊ After Sales Services ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်သွားရန်၊ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တပ်ဆင်ထုတ်လုပ်ထားရှိမှု၊ ဒီဇိုင်းနှင့်အင်ဂျင်နီယာပိုင်း၊ ပင်မဘော်ဒီနှင့်အစိတ်အပိုင်းများတပ်ဆင်နေမှု၊ ဘက်ထရီတပ်ဆင်နေမှု၊ ပါဝါကြိုးတပ်ဆင်အသုံးပြုမှုများ၊ မော်တာလည်ပတ်မှုများနှင့် လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆေးမှုများ၊ တပ်ဆင်ပြီး EV ဆိုင်ကယ်များကို ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့်ဆောင်ရွက်သည့် စမ်းသပ်စစ်ဆေးသည့်လိုင်းတွင် အရှိန်စစ်ဆေးမှု၊ ကိုယ်ထည်ဟန်ချက်ညီခြင်း စစ်ဆေးမှု၊ ဘရိတ်စစ်ဆေးမှုနှင့် ရှေ့မီးသီးစစ်ဆေးနေမှုများကိုကြည့်ရှုကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အမေရိကန်လိဂ်ဖလား ဗိုလ်လုပွဲမှဖြစ်ရပ်အတွက် အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူးဆွာရက်ဇ် ပွဲပယ်ပြစ်ဒဏ်ကျခံရဖွယ်ရှိ








ဝါရှင်တန် စက်တင်ဘာ ၄

၂၀၂၅ အမေရိကန်လိဂ်ဖလား ဗိုလ်လုပွဲမှဖြစ်ရပ်အတွက် အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး ဆွာရက်ဇ် ကာလရှည်ပွဲပယ်ပြစ်ဒဏ်ကျခံရဖွယ်ရှိကြောင်း သိရသည်။

စက်တင်ဘာလ ၁ ရက်က ၂၀၂၅ အမေရိကန်လိဂ်ဖလား ဗိုလ်လုပွဲအဖြစ် ဆီယက်တဲလ်ဆောင်းဒါးအသင်းနှင့် အင်တာမိုင်ယာမီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမိုင်ယာမီအသင်းက မက်ဆီ၊ ဆွာရက်ဇ်နှင့် ဘတ်ကွက်စ်တို့အပါအဝင် အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ကစားခဲ့သော်လည်း ဆီယက်တဲလ်ဆောင်းဒါးအသင်းက ပွဲချိန် ၂၆ မိနစ်တွင် ရိုဆာရီယိုကလည်းကောင်း၊ ပွဲချိန် ၈၄ မိနစ်တွင် ရိုဒန်ကလည်းကောင်း၊ ပွဲချိန် ၈၉ မိနစ်တွင် ရို့ရော့ခ်ကလည်းကောင်း အသီးသီးဂိုးသွင်းယူကြပြီး သုံးဂိုးပြတ်အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အပြီးတွင် နှစ်ဖက်ကစားသမားများကြား ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြပြီး အင်တာမိုင်ယာမီအသင်းကစားသမားများဖြစ်သည့် ဘတ်ကွက်စ်နှင့် ဆွာရက်ဇ်တို့က ပြိုင်ဘက်အသင်းကစားသမားများကို တွန်းတိုက်ခဲ့ကြသည်။

ထို့ပြင် ဆွာရက်ဇ်က ဆီယက်တဲလ်ဆောင်းဒါးအသင်း၏နည်းပြအဖွဲ့ဝင်တစ်ဦးကို သွားရောက်ရန်ရှာခဲ့ပြီး တံတွေးဖြင့်ထွေးခဲ့သည်ကို ရုပ်သံပြကွက်များတွင် တွေ့ရှိခဲ့ရခြင်းကြောင့် ကာလရှည်ပွဲပယ်ပြစ်ဒဏ်ကျခံရဖွယ်ရှိနေခြင်းဖြစ်သည်။

၎င်းသည် ကစားသမားဘဝတစ်လျှောက်တွင် အငြင်းပွားဖွယ်ရာ ကိုယ်ထိလက်ရောက်မှုများ မကြာခဏကျူးလွန်လေ့ရှိပြီး ၂၀၁၁ ခုနှစ်က မန်ယူအသင်းကစားသမား အီဗရာကို လူမျိုးရေးခွဲခြားခဲ့ခြင်းကြောင့် ရှစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေချမှတ်ခံခဲ့ရသကဲ့သို့ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လည်း အီတလီအသင်း နောက်ခံကစားသမား ချီလီနီ၏ပခုံးကို သွားဖြင့်ကိုက်ခဲ့ခြင်းကြောင့် လေးလပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့်အပြင် အီဗန်နိုဗစ်၊ အော့တ်မန်ဘက်ကယ်တို့ကိုလည်း သွားဖြင့်ကိုက်ခဲ့၍ အရေးယူခြင်းခံခဲ့ရဖူးကြောင်း သိရသည်။

*Ref; Goal.com*

## ဝက်စ်ဟမ်းအသင်းကစားသမား ပါကွီတာ၏ အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရသည့်အတွက် အက်ဖ်အေကို တရားစွဲရန်စီစဉ်

လန်ဒန် စက်တင်ဘာ ၄

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) ၏ လောင်းကစားမှုစွပ်စွဲချက်များကြောင့် ဝက်စ်ဟမ်းအသင်းကစားသမား ပါကွီတာ၏ အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရသည့်အတွက် ကစားသမားနှင့် ဝက်စ်ဟမ်းအသင်းတို့က အက်ဖ်အေကို တရားစွဲရန်စီစဉ်နေကြောင်း သိရသည်။

အက်ဖ်အေသည် ၂၀၂၃ ခုနှစ် နွေရာသီက ဝက်စ်ဟမ်းအသင်းကစားသမား ပါကွီတာကို လုပ်ပွဲကစားခဲ့သည်ဟု စွပ်စွဲချက်များဖြင့် စစ်ဆေးခဲ့ခြင်းကြောင့် မန်စီးတီးအသင်းနှင့် ပါကွီတာတို့၏အပြောင်းအရွှေ့မှာ ပျက်ပြယ်ခဲ့ရသည်။

ပါကွီတာသည် ၂၀၂၃ ခုနှစ်က မန်စီးတီးအသင်းသို့ ပေါင်သန်း ၈၀ ဖြင့် ပြောင်းရွှေ့ကစားရန်စီစဉ်နေသော်လည်း အက်ဖ်အေက ၎င်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲများတွင် အဝါကတ်ပြသခံရမှုများသည် လောင်းကစားမှုများနှင့် ပတ်သက်နေသည်ဟူ၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းနှင့် ပါကွီတာတို့၏ အပြောင်းအရွှေ့မှာ ပျက်ပြယ်ခဲ့ရခြင်းဖြစ်သည်။

ပါကွီတာနှင့် ဝက်စ်ဟမ်းအသင်းတို့ကလည်း ကစားသမား၏ အပြောင်းအရွှေ့ကိစ္စပျက်ပြယ်မှုကြောင့် နစ်နာကြေးရရှိရန်အတွက် အက်ဖ်အေကို တရားစွဲရန် စီစဉ်နေကြောင်း သိရသည်။ *Ref; Goal.com*

# ဖီနာဘာချီအသင်းနှင့် လေဗာကူဆင်အသင်းနည်းပြရာထူးအတွက် စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူး ဆွေးနွေးနေ

အစ္စတန်ဘူလ် စက်တင်ဘာ ၄

စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူးသည် တူကီယဲကလပ် ဖီနာဘာချီအသင်းနှင့် ဂျာမန်ကလပ် လေဗာကူဆင်အသင်း၏ နည်းပြရာထူးအတွက် ဆွေးနွေးနေကြောင်း သိရသည်။

နည်းပြပိုစတီကိုဂလူးသည် ပြီးခဲ့သည့်ဘောလုံးရာသီက စပါးအသင်းကို ယူရိုပါလိဂ်ဖလားရရှိစေရန် စွမ်းဆောင်ပေးခဲ့သော်လည်း ပရီးမီးယားလိဂ်တွင် ရလဒ်များဆိုးရွားနေခြင်းကြောင့် ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။

ထို့ကြောင့် နည်းပြမော်ရင်ဟိုကို ထုတ်ပယ်ခဲ့သည့် ဖီနာဘာချီအသင်းနှင့် နည်းပြတန်ဟတ်ကို ထုတ်ပယ်ခဲ့သည့် လေဗာကူဆင်အသင်းတို့က နည်းပြအဖြစ်ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်ကာ နှစ်သင်းစလုံး ပိုစတီကိုဂလူးနှင့် ဆွေးနွေးနေခြင်းဖြစ်သည်။

ဖီနာဘာချီအသင်းနှင့် လေဗာကူဆင်အသင်းတို့သည် ဥရောပပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန်ရှိနေခြင်းကြောင့် နည်းပြပိုစတီကိုဂလူးကလည်း ယခုရက်ပိုင်းအတွင်း တစ်သင်းကို ရွေးချယ်ဖွယ်ရှိနေသည်။

ဖီနာဘာချီအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဒိုင်နမိုဇာဂရက်၊ နိုက်စ်၊ စတုဂတ်၊ ဗစ်တိုးရီးယားပယ်ဇန်၊ ဖီရန်ဗားရို့၊ အက်စတွန်ဗီလာ၊ စတူအာဘူခါရက် အသင်းတို့နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လေဗာကူဆင်အသင်းအနေဖြင့်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကိုပင်ဟေဂင်၊ ပီအက်စ်ဗွီ၊ ပီအက်စ်ဂျီ၊ ဘင်ဖီကာ၊ မန်စီးတီး၊ နယူးကာဆယ်၊ အိုလံပီယာကို့စ်၊ ဗီလာရီးယဲလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့ပြင် လေဗာကူဆင်အသင်းအနေဖြင့် ရီးယဲလ်မက်ဒရစ် အရန်အသင်းနည်းပြဟောင်း ရာအူးလ်ကိုလည်း နည်းပြသစ်အဖြစ်ခန့်အပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ *Ref; Fabrizio Romano*



# အင်္ဂလန်လက်ရွေးစင်အသင်းကစားသမားစာရင်းတွင် ကွင်းလယ်ကစားသမား လော့ဖ်တပ်ချိခ်နှင့် နောက်ခံကစားသမား ကွာဆာတို့ကို နည်းပြတူချယ်လ် ထပ်မံရွေးချယ်

လန်ဒန် စက်တင်ဘာ ၄

အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ တူချယ်လ်သည် အသင်းကစားသမားစာရင်းတွင် ကွင်းလယ်ကစားသမား လော့ဖ်တပ်ချိခ်နှင့် နောက်ခံကစားသမား ကွာဆာတို့ကို ထပ်မံရွေးချယ်ခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ် ကွင်းလယ်ကစားသမား လော့ဖ်တပ်ချိခ်သည် အေစီမီလန်အသင်း၌ ကစားနေသူဖြစ်ပြီး အင်္ဂလန်အသင်း၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာလက အမေရိကန်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် လူစားဝင်ကစားပြီးနောက် လက်ရွေးစင်အသင်းနှင့် ခုနစ်နှစ်ကြာဝေးကွာနေသူဖြစ်သည်။

လော့ဖ်တပ်ချိခ်သည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ၁၀ ပွဲပါဝင်ကစားခဲ့ပြီး ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းနှင့်အတူ လေးပွဲပါဝင်ကစားခွင့်ရရှိခဲ့သည်။

၎င်းကို နည်းပြတူချယ်လ်က အက်စတွန်ဗီလာအသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမား အဒမ်ဝေါတန်၏နေရာ၌ အစားထိုးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

လော့ဖ်တပ်ချိခ်သည် နည်းပြတူချယ်လ် ချယ်လ်ဆီးအသင်းကိုကိုင်တွယ်ခဲ့စဉ်က လက်တွဲခဲ့ဖူးသကဲ့သို့ ၎င်း၏လက်အောက်တွင် ၄၆ ပွဲကစားခဲ့ပြီး တစ်ဂိုးသွင်းယူကာ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် အသက် ၂၂ နှစ်အရွယ် လေဗာကူဆင်အသင်းနောက်ခံကစားသမား ကွာဆာသည်လည်း ပြီးခဲ့သည့်ဇွန်လအတွင်းက ယူရိုယူ-၂၁ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီယူ-၂၁ အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည့် အင်္ဂလန်ယူ- ၂၁ အသင်း၌ ခြေစွမ်းပြပါဝင်ကစားကာ ယခုအခါ နည်းပြတူချယ်လ်၏ ရွေးချယ်ခြင်းကို ခံခဲ့ရသူဖြစ်သည်။

နည်းပြတူချယ်လ်၏ အင်္ဂလန်လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များအဖြစ် စက်တင်ဘာလ ၆ ရက်တွင် အန်ဒိုရာအသင်းကို အိမ်ကွင်း၌လည်းကောင်း၊ စက်တင်ဘာလ ၉ ရက်တွင် ဆားဘီးယားအသင်းကို အဝေးကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော် ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ


လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်





ယာဉ် လိုင်စင် ရှိ/မရှိ စိစစ်ဆဲ

မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။


လိုင်စင်မဲ့ မော်တော်ယာဉ်

စစ်ကိုင်းတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။




ရန်ကုန်တိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။

**နေပြည်တော် စက်တင်ဘာ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တီးတိန်မြို့ စကောလမ်းရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၂ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁၆)စီး(ခန့်မှန်းတန်ဖိုးငွေကျပ်၄၈၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာ၌ မော်တော်ယာဉ်(၁၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၃၈)မျိုး၊ လူသုံးကုန်ပစ္စည်း (၆၇)မျိုး၊ စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၁၂၃၆၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၉)စီး၊ Hino Profia Truck (၃)စီး၊ Isuzu Giga Truck (၂)စီး၊ Doh Shwe Myanmar Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၄၂၃၆၂၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၂၉ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ်နှင့် ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကိုလည်းကောင်း၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့်ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂၈)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၈၈၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၈၈၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **စက်တင်ဘာလ ၃ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်း၌ မြိတ်မြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၉)မျိုး၊ လူသုံးကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၆၈၇၅၇၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် M.V. Yadanar Win ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀)နှင့် ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း၊ အလယ်ဘလောက်ရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒဂုံမြို့သစ်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၀)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၇၀၂၇၅၇၅)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၂ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၃၉၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၂၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၉၇၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၂၉ ရက်၊ စက်တင်ဘာလ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၈၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၁၀၁၄၈၉၇၅)**ကို ဖမ်းဆီးရမိခဲ့သည်။

ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက် ဖျက် ရေးဦးဆောင် ကော် မတီမှ သတင်းရရှိသည်။

မြဝတီ




**ပျောက်ဆုံးကြောင်း**
တင်ရွှေ(ဘ)ဦးသန့် ၁၂/ဥကမ(နိုင်)၀၃၆၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၀၂၉၀၇၇

**ပျောက်ဆုံးကြောင်း**
ဖြိုးရာဇာထွန်း(ဘ)ဦးထွန်းတင် ၁၁/ရဗန(နိုင်)၀၇၉၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၀၈၅၉၈၄၅

**ပျောက်ဆုံးကြောင်း**
ကျော်ထက်(ဘ)ဦးသိန်းဌေး ၁၂/ရပသ(နိုင်)၀၈၇၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၇၈၃၉၂၆

**ပျောက်ဆုံးကြောင်း**
စိုးစိုးနွယ်(ဘ)ဦးအောင်သောင်း ၁၂/အစန(နိုင်)၁၅၅၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၆၃၇၃၆၉၆

**ပျောက်ဆုံးကြောင်း**
လှလှငယ်(ဘ)ဦးရဲထွန်း ၁၄/ဝခမ(နိုင်)၂၇၃၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၅၃၂၆၁၂

**ပျောက်ဆုံးကြောင်း**
လေးနိုင်(ဘ)ဦးဘစီ ၁၂/စခန(နိုင်)၀၀၃၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၇၂၁၅

**ပျောက်ဆုံးကြောင်း**
သန္တာအောင်(ဘ)ဦးအောင်မင်း ၇/ပခန(နိုင်)၂၅၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၅၅၁၉၅

**ပျောက်ဆုံးကြောင်း**
မျိုးသူဇာထွန်း(ဘ)ဦးမျိုးထွန်း၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 903418)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၄၂၄၁၄

**ပျောက်ဆုံးကြောင်း**
မြအိစံ(ဘ)ဦးအောင်ခန့် ၅/ကသန(နိုင်)၁၄၄၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၉၅၀၅၆၃

**ပျောက်ဆုံးကြောင်း**
ဒူရကာ(ဘ)ဦးဘိုလာနတ်(သ်) ၁/မကန(နိုင်)၂၄၃၃၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၈၅၉၈၈၀

**ပျောက်ဆုံးကြောင်း**
ဟန်မင်းထွန်း(ဘ)ဦးအောင်မြင့် ၁၄/မအပ(နိုင်)၃၃၈၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၅၂၅၆၁၀

**ပျောက်ဆုံးကြောင်း**
ချစ်မင်းကို(ဘ)ဦးအောင်ဇော်ဝင်း ၁၀/သထန(နိုင်)၂၉၇၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၃၆၇၆၀၆၃




မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော
ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲနွယ်ကုန်း၊ဖြူး၊နေပြည်တော်၊
သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊
ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွှတ်လပ်စွာ
ဝယ်ယူနိုင်ပါသည်။
ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်




DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၄**

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation(Myanmar E & P) သည် ရွှေစီမံကိန်းရှိ Maintenance ဧရိယာတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV.PTSC TIEN PHONG ဖြင့် ဆောင်ရွက်သွားမည့်တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော ဧရိယာ-၁ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၈ မိနစ် ၈ ဒသမ ၄၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၆ မိနစ် ၄၈ ဒသမ ၇၆၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၉ မိနစ် ၆ ဒသမ ၂၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၈ မိနစ် ၁၈ ဒသမ ၃၃၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅ ဒသမ ၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇ ဒသမ ၆၉၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄ ဒသမ ၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉ ဒသမ ၄၂၈ စက္ကန့်၊ ဧရိယာ-၂ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅ ဒသမ ၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇ ဒသမ ၆၉၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄ ဒသမ ၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉ ဒသမ ၄၂၈ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆ ဒသမ ၈၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၃ ဒသမ ၄၀၈ စက္ကန့်နှင့် Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၂၀ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၄ ဒသမ ၉၂၈ စက္ကန့်နှင့် ဧရိယာ-၃ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅ ဒသမ ၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇ ဒသမ ၆၉၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄ ဒသမ ၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉ ဒသမ ၄၂၈ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄ ဒသမ ၃၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၃၇ ဒသမ ၀၃၂ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၃၇ ဒသမ ၆၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ် ၃ ဒသမ ၄၅၆ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၇)ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေစီမံကိန်းရှိ Maintenance ဧရိယာတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV.PTSC TIEN PHONG ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် စက်တင်ဘာလ ၄ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အောင်လံမြို့နယ်၌ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**အောင်လံ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ကကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က မြန်မာလူမျိုးများ၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ အနုပညာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများဆက်လက်ရှင်သန်ဖြစ်ထွန်းရေး၊ မြန်မာ့ယဉ်ကျေးမှုကို မတိမ်ကောမပပျောက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ရိုးရာအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရေးရည်ရွယ်၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် အောင်လံခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာ (၁၀-၁၅) အဆင့် ခေတ်ဟောင်းကာလပေါ်၊ အခြေခံပညာ (၁၅- ၂၀)အဆင့် မဟာဂီတ၊ အခြေခံပညာ(၁၅-၂၀) အဆင့် ခေတ်ဟောင်းကာလပေါ်၊ အဆင့်မြင့်ပညာ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အဆင့်မြင့်ပညာ ခေတ်ဟောင်းကာလပေါ်၊ စန္ဒရား၊ ကဗျာလွတ်အက စသည်တို့ကိုယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပြိုင်ပွဲတွင်ဆုရရှိခဲ့သူများကို အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# မုတ်သုံလေအားအသင့်အတင့်ရှိမည်

**နေပြည်တော် စက်တင်ဘာ ၄**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(မိုး/ဇလ)**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၅ | ၃၀၅၅ | ၃၀၂၅ | ၂၉၆၀ | ၃၀၆၅ | ၃၀၈၀ | ၃၀၉၅ | ၃၀၁၅ | ၄၅၀၅ | ၃၃၁၀ | ၃၀၃၀ | ၃၀၃၅ | ၃၁၀၅ | ၃၀၇၀ | ၃၀၉၀ | ၃၃၄၅ |
| 95 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၆၀ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၇၅ | ၂၆၄၀ | ၂၅၇၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၁၀ | ၂၆၃၀ | - | ၂၉၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၇၂၀ | ၂၆၈၅ | ၂၇၀၅ | ၂၉၆၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | ၄၈၃၀ | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | - | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၆ | ၂၈၆၅ |
| 95 Ron | ၂၈၃၉ | ၂၉၂၉ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၃ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂


**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဗန်းမော်တင်အောင်မူကား ထိုကဲ့သို့မဟုတ်ချေ။ အိမ်သို့ရောက်လာကတည်းက စကားပြောခြင်း၌ သူ့အလှည့်မယူဘဲ ကျွန်ုပ်ကိုသာ အများဆုံးအလှည့်ပေးပြီး တတ်နိုင်သမျှ နှိုက်ယူသွားသူတစ်ယောက်ဖြစ်လေသည်။ ကျေနပ်ဖွယ်ကောင်းသောအခြင်းအရာတစ်ခုမှာ ဗန်းမော်တင်အောင်သည် ကျွန်ုပ်ပြောစကားများကို ပေါ့ပေါ့ဆဆ သာမန်ကာလျှံကာ နားထောင်ခြင်းမျိုးမဟုတ်ဘဲ သူ့အိမ်သို့ ပြန်ရောက်သောအခါတွင် ကျွန်ုပ်အကြောင်းကို စာတစ်အုပ်ရေးထုတ်တော့မည့်နှယ် အထူးတလည် ဂရုတစိုက်လေးလေးစားစားမှတ်သားနာယူနေသည့် အမူအရာမျိုးကို ထင်ရှားစွာဖော်ပြသူတစ်ယောက်ဖြစ်လေသည်။ ဗန်းမော်တင်အောင်က ကျွန်ုပ်ကို မည်ကဲ့သို့မှတ်ချက်ချသည် မပြောတတ်။ ကျွန်ုပ်ကမူ ဤခေတ်ဤအခါမျိုးတွင် လူကြီးနှင့် ဆက်ဆံပုံနှင့်ပတ်သက်၍ ရှာမှရှားသော လူငယ်တစ်ယောက် ဖြစ်ပေသည်။ အတော်လူကင်းပါးသော ကျွန်ုပ်၏ခယ်မ (ညီ၏မယား)သည် ဗန်းမော်တင်အောင်လာတိုင်း သတိနှင့်စောင့်ကြည့်ကာ အကဲခတ်လျက်ရှိရာ ပြန်သွားသောအခါ၌ ချီးကျူး၍မဆုံးအောင် ရှိပါတော့သည်။



### စာရေးဆရာ သုခ

ကျွန်ုပ်အား လေးစားသည်ဟု ဝန်ခံကြသော စာရေးဆရာများမှာ များသောအားဖြင့် လက်ဝဲသမားများ ဖြစ်ကြလေရာ လက်ဝဲမဟုတ်သူများအနက်မှ ကျွန်ုပ်ကို ကြည်ညိုလေးစားကြောင်း ဖော်ထုတ်ဝန်ခံသည့် စာရေးဆရာသည်ကား သုခပင်ဖြစ်သည်။ သုခ၏ထူးခြားချက်တစ်ခုမှာကား သူသည် မန္တလေးသို့ရောက်သည့်အခါတိုင်း ကျွန်ုပ်၏နေအိမ်သို့ဝင်လာ၍ ကျွန်ုပ်အဖို့ဖြစ်စေ၊ ဆရာကတော်ဖို့ဖြစ်စေ လက်ဆောင်လေးတစ်ခုခု အမြဲယူလာတတ်ခြင်းပင်ဖြစ်သည်။ အထူးချစ်ဖို့ကောင်းသည်မှာကား သူကိုယ်တိုင်လက်ဆောင်မပါသောအခေါက်များတွင် လက်ဆောင်ပါလာသူ တစ်ယောက်ယောက်ကို ခေါ်လာတတ်၏။ တစ်ခါက သူသည် ငွေ ၅၀ ကျပ်ကန်တော့မည့် ဇာတ်လိုက်မင်းသားဇေယျကို ခေါ်လာခဲ့ဖူးသည်။ သို့ရာတွင် အကောင်းနှင့်အဆိုး ပူးတွဲကပ်ပါတတ်သည့် ဇာတာရှင်တစ်ယောက်ဟူ၍ ဖော်ပြခဲ့ဖူးသည့်အတိုင်း သုခနှင့်ဇေယျတို့ ပြန်သွားသည့် နောက်တစ်ရက်တွင် ကျွန်ုပ်မှာ အအေးမိ၍ ဆေးထိုးရသည်နှင့် ဇေယျက ကန်တော့ခဲ့သည့် ငွေ ၅၀ ကျပ်သည် ကျွန်ုပ်၏လက်တွင်မတည်ဘဲ ဆရာဝန်၏လက်သို့ လွှဲပေးလိုက်ရပါသည်။ သုခ၏ တခြားသော ထူးခြားချက်တစ်ခုမှာလည်း စာရေးဆရာများအနက်တွင် ဘာသာရေးကို အကိုင်းရှိုင်းဆုံးလူတစ်ယောက်ဖြစ်၏။ ကိုင်းရှိုင်းခြင်းဟုဆိုရာ၌ သာမန်ဥပုသ်သီတင်းဆောက်တည်ခြင်းမျိုးလောက်သာမက ကံ ကံ၏အကျိုးကို လေးနက်စွာယုံကြည်သူတစ်ယောက်ဟူ၍ ကျွန်ုပ် အကဲခတ်မိသည်။ သုခသည် ဓမ္မဆရာမဟုတ်သည့် သူ့ထက် အသက်ငယ်သော လောကီမှုရေးရာဆရာဖြစ်သည့် အေဝမ်းမောင်တင်မောင်အား ဒူးတုပ်ဦးချကာ ကန်တော့ခြင်းမှာ သူ၏ နိဝါတသဘောကို ဖော်ပြခြင်းဖြစ်၍ ကျွန်ုပ် ချီးကျူးမိသည်။ သူသည် ကျွန်ုပ်၏ လောကုတ္တရာရေးရာစာပေများကို စိတ်ဝင်စားခြင်းရှိသော်လည်း မဂ်ပေါက်ဖိုလ်ရောက် အားထုတ်ဖို့ ဆန္ဒမပြင်းထန်သေးကြောင်းဝန်ခံလေရာ ကျွန်ုပ်က လောကီရေးရာဘက်၌ အကျိုးပေးလျက်ရှိခိုက်တွင် တရားအားထုတ်ဖို့ ဆန္ဒပြင်းပြသူရှိခဲလှကြောင်းပြောပြခြင်းကို ရယ်မောကာ ဝန်ခံလေသည်။ သုခသည်လည်း ကျွန်ုပ်တွေ့ဖူးသည့်ပညာသည်များအနက်တွင် လူထူးတစ်ယောက်ဟူ၍ အသိအမှတ်ပြုမိပါသည်။

### အမှတ်တရအဖြစ်အပျက်

ကျွန်ုပ် ထောင်ထဲ၌ရှိစဉ် အမှတ်တရရှိသော အဖြစ်အပျက်တစ်ခုကို ဖော်ပြရပေဦးမည်။ ယင်းမှာ ဩဂုတ်လတစ်လတည်းအတွင်း ကျွန်ုပ်၏ဓမ္မမိတ်ဆွေသုံးဦးနှင့် တစ်ဦးတည်းသောသားတစ်ယောက် ကွယ်လွန်ကြခြင်းပင်ဖြစ်သည်။ ပထမဆုံးကွယ်လွန်သူမှာ မန္တလေးပြည်သူ့ဘဏ် မန်နေးဂျင်းဒါရိုက်တာ ဦးဘမောင်ဖြစ်၏။ ကျွန်ုပ်သည် လွန်ခဲ့သည့်သုံးလေးနှစ်လောက်ကတည်းက တနင်္ဂနွေနေ့တိုင်း ဦးဘမောင်၏ဘဏ်တိုက်သို့ ဦးထင်နှင့်အတူသွား၍ မန္တလေးမြို့ရှိ တရားဆွေးနွေးရန် ဝါသနာရှိသော လူတစ်စုနှင့်တွေ့ဆုံဆွေးနွေးရာတွင် အပါအဝင် ပြုလုပ်ခဲ့၏။ ထိုလူစုအနက်တွင် ဒေါက်တာ ဆိုနီ၊ ဒေါက်တာ ချောဟန်၊ ရှေ့နေ မစ္စတာ ဘိုစ်၊ မစ္စတာ ဗားမား အစရှိသောလူမျိုးကွဲများလည်းပါရှိသည်ဖြစ်သောကြောင့် လူအားလုံးပါဝင်ဆွေးနွေးနိုင်စေရန် အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးကြ၏။ ကျွန်ုပ်မှာ နှုတ်ဖြင့် လူစွမ်းပြချင်တတ်သော ဝါသနာမရှိသည်ဖြစ်၍ ဆွေးနွေးပွဲများတွင် နောက်တန်းကထိုင်သူ (Back Bencher) တစ်ယောက်အဖြစ်နှင့်သာ ပါဝင်ခဲ့၏။ ကျွန်ုပ်ကား အလုပ်သမား၊ ထိုလူစုကား စာကလေး ဘာကလေး ဖတ်ဖူးသည့် အပြောသမားများဖြစ်ကြခြင်းကို သိသည်နှင့် ဆွေးနွေးရန် အကြောင်းအရာရှားပါးသောကြောင့် မိတ်ဖြစ်ဆွေဖြစ်သဘောနှင့်သာ တက်ရောက်ခဲ့ခြင်းဖြစ်၏။ တချို့ကမူ ကျွန်ုပ်အား ကွန်မြူနစ်တစ်ယောက်ဟူ၍ပင် ထင်မှတ်ကြပုံရ၍ ဘာသာရေးဗဟုသုတရှိသည်ဟုပင် မထင်ကြချေ။ တစ်နေ့သ၌ တိုင်းပြည်တွင် အတ္တဝါဒီတစ်ယောက်အဖြစ်နှင့် ထင်ရှားလျက်ရှိသော စစ်ကိုင်းအရေးပိုင်ဟောင်း ဦးစံဖေရောက်လာ၍ သူ၏အတ္တဝါဒအကြောင်းကို လက်ချာပေးရာ မည်သူမျှ ဆင်ခြေကန်ခြင်းမရှိဘဲ ရေငုံနေကြ၏။ ကျွန်ုပ်က ဗုဒ္ဓ၏အနတ္တဝါဒကိုထိလျှင် မခံချင်တတ်ဘဲ တတ်သရွေ့မှတ်သရွေ့ ကြဲချင်သော်လည်း အင်္ဂလိပ်စကားမပြောသည်မှာ နှစ်ပေါင်းကြာရှည်လှပြီဖြစ်၍ ထမင်းစားရေသောက်မျှလောက်သာ ပြောတတ်သလိုဖြစ်နေသည်နှင့် ဘာမျှမပြောဘဲ နားထောင်နေလိုက်သည်။ ဦးစံဖေ ပြန်သွားသောအခါ "ခင်ဗျားတို့ ဒီလိုပဲ ခံနေကြတော့မလား"ဟု ကျွန်ုပ်ကမေးသည်တွင် တချို့က "ခင်ဗျား ရေးချင်ရေးစမ်းဗျာ"ဟု တိုက်တွန်းကြ၏။ ဤတွင် ကျွန်ုပ်သည် ရာထူးခန့်ထားရေးဘုတ်အဖွဲ့တွင် အတွင်းရေးမှူးဖြစ်သော ဦးစံဖေထံသို့ အနတ္တဝါဒအကြောင်းကို အင်္ဂလိပ်လို စာရှည်ကြီးတစ်စောင်ရေးလိုက်ရာ သူကလည်း စာရှည်ကြီးတစ်စောင်ပြန်ရေးလိုက်၏။

ကျွန်ုပ်က ဒုတိယတစ်စောင်ထပ်ရေးရာ သူက ပြန်၍ရေး၏။ ကျွန်ုပ်၏ တတိယစာကိုမူ သူက မပြန်တော့ချေ။ ကျွန်ုပ်သည် ယင်းစာများကို ဦးဘမောင်၏ ဓမ္မမိတ်ဆွေအဖွဲ့သို့တင်ပြရာ ဒေါက်တာဆိုနီနှင့်ဝတ်လုံ ဦးသာကျော်တို့မှတစ်ပါး ကျန်သောလူများမှာ ကျွန်ုပ်ကို မနာလိုကြသလိုလို၊ သူတို့ကိုယ်တိုင် အင်္ဂလိပ်လိုကောင်းကောင်းမတတ်၍ နားမလည်ကြသလိုလိုနှင့်ပင် မြုံ၍နေကြသည်။ ဒေါက်တာဆိုနီနှင့် ဦးသာကျော်တို့ကမူကား ကျွန်ုပ်သည် စာရေးသောအခါတွင် လူတစ်ဖက်သား၏နှလုံးသားကို ထိခိုက်အောင်ရေးတတ်ပေသည်ဟု ချီးကျူးပြောဆိုဖော်ရပေသည်။ ကျွန်ုပ်မှာ မန္တလေးသားတစ်ယောက်ဖြစ်သော်လည်း မန္တလေး၌ ထွန်းကားမည့်ပုံမပေါ်ခြင်းကို ဤနောက်ပိုင်း၌ သာ၍ ထင်ရှားစွာသိရပါသည်။ ဦးစံဖေကိုယ်တိုင်ကမူ မကြာသေးမီက ရန်ကုန်၌ တွေ့ကြရာတွင် (သူသည် ကျွန်ုပ်၏ ဒိဋ္ဌေဒိဋ္ဌမတ္တံ စာအုပ်ကိုဖတ်ပြီးပြီဖြစ်၍) "ခင်ဗျားဝါဒနဲ့ ကျွန်တော့်ဝါဒ အတူတူပါပဲဗျာ၊ တင်ပြပုံချင်းကွဲနေလို့ပါ"ဟု ပြောနေသေး၏။ ကျွန်ုပ်ကမူ လက်မခံနိုင်ချေ။ ဦးဘမောင်မှာ တနင်္ဂနွေဆွေးနွေးပွဲများတွင် ပရိသတ်အား အကျွေးအမွေးများနှင့် ကောင်းမွန်စွာညှော်ခံသူဖြစ်လေရာ ရုတ်တရက်ကွယ်လွန်ကြောင်းကို ထောင်ထဲမှကြားရ၍ ယူကျုံးမရ ဖြစ်ရပါသည်။

### သားသေခြင်း

ဗြိတိသျှဘားမားသူဌေး ဦးညွန့်နှင့် ပဲရောက်ဦးဆန်နီတို့ ရုတ်တရက်ကွယ်လွန်ခြင်းမှာလည်း ထောင်ထဲ၌ ကျွန်ုပ်၏စိတ်ကို ထိခိုက်လှသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ကျွန်ုပ်နှင့် ဓမ္မမိတ်ဆွေအဖြစ်သို့ရောက်ခဲ့ပုံအကြောင်းကို တစ်နေရာ၌ ဖော်ပြခဲ့ပြီးဖြစ်ရာ (ယခုအချိန်တွင် ကျွန်ုပ်၌ ဓမ္မမိတ်ဆွေများသာမက တပည့်တပန်းများပင်ရှိနေပြီဖြစ်သော်လည်း) ထိုစဉ်ကမူ ကျွန်ုပ်အကြောင်းကို အထိုက်အလျောက်နားလည်သည့် ပုဂ္ဂိုလ်ပင် ရှားပါးသေးသည်ဖြစ်၍ ပုဂ္ဂလသပ္ပာယအနေနှင့် လွန်စွာနမြောမိပါသည်။ ဦးညွန့်အားမူ နောက်ပိုင်းတွင် ကျွန်ုပ်အားထုတ်ထားသည့် ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်အကြောင်းရေးသားထားသည့်စာအုပ်ကို မပြလိုက်ရခြင်းအတွက် အထူးတမ်းတဝမ်းနည်းလှပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုသင်တန်း ဖွင့်လှစ်

လှိုင်းဘွဲ့ စက်တင်ဘာ ၄

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို စက်တင်ဘာလ ၄ ရက်တွင် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ စောငြိမ်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ ကျန်းမာရေးကဏ္ဍအသီးသီးတွင် ကုသရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်ရေး၊ ကျေးရွာဒေသများ၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ကျန်းမာရေးအချက်အလက်များ အချိန်မီတိကျစွာပေးပို့နိုင်ရေးနှင့် သင်တန်းတွင် သင်ကြားပို့ချသည့် သင်ခန်းစာများကို ကြိုးစားလေ့လာသင်ယူပြီး မိမိဒေသရှိ ပြည်သူများအတွက် အကျိုးရှိစွာဆောင်ရွက်နိုင်ရေး ပြောကြားသည်။

အဆိုပါသင်တန်းကို လှိုင်းဘွဲ့မြို့နယ်အတွင်းရှိကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးစောင့်ရှောက်မှု၊ ကျန်းမာရေးပညာပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှု၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု၊ ရွှေ့လျားဆေးကုသခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးနှင့် လူမှုရေးဆိုင်ရာ



စောင့်ရှောက်မှုလုပ်ငန်းများကို စက်တင်ဘာလ ၄ ရက်မှ ၆ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

စောဒီ(ပြန်/ဆက်)

❖ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးမှာ ပြည်ထောင်စုသားအားလုံး၏မွေးရာပါတာဝန်ဖြစ်သောကြောင့် "နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြပါရန်" အလေးအနက်တိုက်တွန်းအပ်ပါသည်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်တွေ့ဆုံဆွေးနွေး

## ဟေလုံကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ်ပါတီအတွင်းရေးမှူး Mr.Xu Qin နှင့်တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့ညနေ ၆ နာရီအချိန်တွင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr.Xu Qin နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး

စာမျက်နှာ ၆ ကော်လံ ၁ ❍

## ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုထိန်းညှိပြီး ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် အရေးပါလာမယ့် တရုတ်နိုင်ငံရဲ့စစ်ရေးပြအခမ်းအနားမှ ဂုဏ်ယူဖွယ်ရာစစ်လက်နက်ပစ္စည်းများ - (၁) နိုင်ငံတကာဆောင်းပါး စာ - ၂၂ သို့

## စလင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီး

စလင်း စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသအတွင်း စပါးမျိုးကောင်းမျိုးသန့်တိုးပွားစေရန်နှင့် ဆန်စပါးဖူလုံစေရန် ရည်ရွယ်၍ မိုးစပါး ၄၇၈၄၃ ဧက လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

## ၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၄

**၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ်များကို စက်တင်ဘာလ ၃ ရက်မှ ၉ ရက်အထိ** ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပလျက်ရှိရာ စက်တင်ဘာလ ၆ ရက် ညနေ ၄ နာရီတွင် မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားဘောလုံးအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

## ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၏ အကောင်းဆုံးအသင်းတွင် မြန်မာကစားသမားငါးဦး အများဆုံးရွေးချယ်ခံရ စာ - ၄ သို့